လမ်းမှန်သိမြင်

# မြတ်ကျင့်စဉ်

အမှတ်စဉ် ( ၄ )

ဦးညွန့်လှိုင် ( ရွှေဘို )

အဘွား ဒေါ်ကြီး
(မိဘ) ဦးဒေဗီဒတ် နှင့် ဒေါ်ခင်ညွန့် တို့အား
ရည်စူး၍

**သမီး-ဒေါ်သန်းသန်းဌေး နှင့်**
**မောင်နမတစ်စု**
ကောင်းမှု

**ကာစွနား စတိုး**
အိမ်အမှတ် (၉၉)၊ ၃၄ လမ်း၊
၇၆ X ၇၇ လမ်းကြား၊ ရတနာပုံဈေးအနီး၊ မန္တလေး။
ဖုန်း – ၃၂၁၄၆

**အုပ်ရေ ၅၀၀**

ဧပြီလ ၊ ၂၀၀၃ ခုနှစ်

Generated by CamScanner from intsig.com

# ကမ္ဘာ့ချမ်းသာရေး ဓမ္မလင်္ကာ

၁။ ဘေးရန်ကင်းကွာ၊ ဤကမ္ဘာ၊ ချမ်းသာလိုကြသည်။

၂။ ချမ်းသာလိုလည်း၊ ဆင်းရဲမြဲ၊ လမ်းလွဲနေကြသည်။

၃။ သက္ကပဉှ၊ သုတ်အရ၊ ဗုဒ္ဓလမ်းမှန်ပြခဲ့သည်။

၄။ ဆင်းရဲထိုထို၊ ငြူစူပို၊ ဝန်တိုခြင်းကြောင့် ဖြစ်ရသည်။

၅။ ငြူစူပိုခြင်း၊ ဝန်တိုခြင်း၊ ချစ်, မုန်းခြင်းကြောင့် ဖြစ်ရသည်။

၆။ ချစ်, မုန်းခြင်းက၊ လိုဆန္ဒ၊ ငါးဝကြောင့်ပဲ ဖြစ်ရသည်။

၇။ "ရှာ, ရ, သုံးချင်၊ သိမ်းပေးချင်၊" ငါးအင် ဆန္ဒ မှတ်ရမည်။

၈။ ဆန္ဒငါးချက်၊ ပြည့်ရေးခက်၊ ကြံဝိတက်ကြောင့် ဖြစ်ရသည်။

၉။ ကြံဝိတက်က၊ ပပဉ္စ၊ သုံးဝကြောင့်ပဲ ဖြစ်ရသည်။

၁၀။ "နှစ်သက် မာန်ဝင်၊ ငါစွဲထင်၊" သုံးအင် ပပဉ္စ ခေါ်သည်။

၁၁။ ပပဉ္စဟာ၊ ဝေဒနာ၊ သုံးဖြာကြောင့်ပဲ ဖြစ်ရသည်။

၁၂။ "သုခ, ဒုက္ခာ, ဥပေက္ခာ၊" ဝေဒနာသုံးမျိုး မှတ်ရမည်။

၁၃။ အာရုံခြောက်ဖြာ၊ တိုက်ဆိုင်ရာ၊ ဝေဒနာ ပေါ်ရသည်။

၁၄။ ပေါ်တဲ့ဝေဒနာ၊ မိအောင်သာ၊ ဖမ်းကာဖြစ်ပျက် ရှုရမည်။

၁၅။ ဖြစ်ပျက်ရှုမြင်၊ မှန်ဉာဏ်ဝင်၊ ပပဉ္စတွေ ချုပ်ရသည်။

၁၆။ ပပဉ္စချုပ်၊ ဒုက္ခချုပ်၊ အဟုတ်ချမ်းသာရတော့သည်။

ဦးညွန့်လှိုင် (ရွှေဘို)

Generated by CamScanner from intsig.com

လမ်းမှန်သိမြင်

# မြတ်ဂဏ္ဍချင့်စဉ်

အမှတ်စဉ် ( ၄ )

ဦးညွန့်လှိုင် ( ရွှေဘို )

အဘွား ဒေါ်ကြီး
(မိဘ) ဦးဒေဗီဒတ် နှင့် ဒေါ်ခင်ညွန့် တို့အား
ရည်စူး၍

**သမီး -ဒေါ်သန်းသန်းငွေ နှင့်**

**မောင်နမတစ်စု**

ကောင်းမှု

**ဂစ္ဆနား စတိုး**

အိမ်အမှတ် (၉၉) ၊ ၃၄ လမ်း၊
၇၆ X ၇၇ လမ်းကြား ၊ ရတနာပုံဈေးအနီး ၊ မန္တလေး။
ဖုန်း – ၃၂၁၄၆

အုပ်ရေ ၅၀၀

ဧပြီလ ၊ ၂၀၀၃ ခုနှစ်

## လမ်းနှင့် ပန်းတိုင်

"လမ်းမှန်သိမြင် မြတ်ကျင့်စဉ်" ဖြင့် မြတ်ရှင်ဗုဒ္ဓ၊ မြတ်လှတရား၊ မြတ်ထားသံဃာ၊ မြတ်အာစရိ၊ မြတ်သောမိဘ၊ ဤငါးဝ၏ အနန္တဂုဏ်၊ ကျေးဇူးဟုန်ကို၊ စွမ်းကုန်ဆပ်ကာ၊ မြတ်ရာယူပျော်၊ ငါပူဇော်သည်၊ သူတော်လမ်းနှင့် ပန်းတိုင်တည်း။

# လမ်းမှန်နိဒါန်း

မြတ်စွာဘုရားသည် လက်သည်းတော်ပေါ်၌ မြေမှုန့်တို့ကို တင်ထားတော်မူ၍ -

ချစ်သားရဟန်းတို့. မဟာပထဝီမြေကြီးရှိ မြေမှုန့်တွေနှင့် ငါ၏ လက်သည်းပေါ်တွင် တင်ရှိသော မြေမှုန့်သည် အဘယ်က များသနည်းဟု ရဟန်းတို့ကို မေးတော်မူ၏။ "မဟာပထဝီ မြေမှုန့်တွေကား အလွန်များလှပါ၏ဘုရား" ဟု ရဟန်းတို့က လျှောက်ကြသည်။

ချစ်သား ရဟန်းတို့. ထို့အတူပဲ တစ်နေ့တစ်နေ့မှာ သေဆုံးကြတဲ့ သတ္တဝါအပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်ကြတဲ့ သတ္တဝါတို့ကား ငါ၏လက်သည်းပေါ်ရှိ မြေမှုန့်လောက်မျှသာ အလွန်နည်းလှကုန်၏။ အပါယ်ဘုံသို့ ရောက်ကြတဲ့ သတ္တဝါတို့ကား မဟာပထဝီမြေကြီးရှိ မြေမှုန့်တွေလောက်မျှ အလွန်များလှကုန်၏ဟု မြတ်စွာဘုရား မိန့်တော်မူသည်။

နခသိခသုတ်

မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ -

"ချစ်သားရဟန်းတို့. မဟာသမုဒ္ဒရာထဲ၌ လိပ်ကန်းတစ်ကောင်သည် ရောက်မိရောက်ရာ သွားလျက် အနှစ်တစ်ရာမှ တစ်ခါ၊ အနှစ်တစ်ထောင်မှ တစ်ခါ ရေပေါ်သို့ ပေါ်လာတတ်၏။ ၎င်းသမုဒ္ဒရာထဲမှာပင် တစ်ပေါက်တည်းသာ ရှိသော ထမ်းပိုးငယ်သည် လေသင့်ရာ, လှိုင်းဆောင်ရာ အရပ်လေးမျက်နှာသို့ တစ်လှုပ်လှုပ် မျောပါလျက် ရှိ၏။ အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်မှ တစ်ခါ

Generated by CamScanner from intsig.com

သာ ပေါ်သော ထိုလိပ်ငယ်၏ ဦးခေါင်းကို ထိုထမ်းပိုးငယ် အပေါက်၌ စွပ်နိုင်ရာသောအခွင့်သည် ရှိ၏လော" ဟု မေးတော်မူ၏။

"စွပ်မိနိုင်ရာသော အခွင့်မရှိပါ။ သို့သော်လည်း ကပ်ကမ္ဘာမည်သည် အလွန်တရာ ရှည်ကြာလှသည်ဖြစ်၍ လိပ်ငယ်သည် မသေမပျောက်ပါမူကား၊ ထမ်းပိုးငယ်လည်း မပုပ်မဆွေးပါမူကား တစ်ခါတစ်ရံ စွပ်မိနိုင်ရာသော အခွင့် ရှိပါ၏ဘုရား" ဟု ရဟန်းတို့က လျှောက်ကြသည်။

"ချစ်သားရဟန်းတို့ လိပ်ကန်းထမ်းပိုးစွပ်မိရာသော အခွင့်သည် အလွန်လွယ်လှသေး၏။ ဤသုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်သော သူ၏ ဤသုဂတိဘုံသို့ တစ်ဖန် ပြန်လာရန် အခွင့်သည် ထို့ထက် အဆအရာမက အဆအထောင်မက ခဲယဉ်းလှ၏" ဟု မြတ်စွာဘုရား မိန့်တော်မူသည်။

လိပ်ကန်းဥပမာသုတ်

မြတ်စွာဘုရားရှင်ဟောတော်မူသော ဤသုတ်တို့ကို ထောက်၍ ဉာဏ်လျှောက်ကြည့်သောအခါ "သုဂတိ" ဆိုတဲ့ ဘဝကောင်းကို ရဖို့ဟာ အလွန်တရာ ခဲယဉ်းတာပဲ။ အဋ္ဌကထာကျမ်းဂန်တွေမှာလည်း "အပါယ်လေးဘုံ" ဆိုတာ သစ္စာမသိ ဒိဋ္ဌိမကွာတဲ့ သတ္တဝါအများ အမြဲနေထိုင်ရာ အိမ်ကြီးနဲ့ တူတယ်။ "တကယ်လို့များ ဉာဏ်မတော်လို့ ကံချော်ပြီး အပါယ်လေးပါးကျရောက်သွားယင် ပဲနောက်ခြမ်းလောက်ရှိတဲ့ ကျောက်ခဲလေး ရေထဲကျသွားတော့ ပြန်ပေါ်မလာသလို အပါယ်လေးပါးမှာပဲ တစ်ဘဝပြီး တစ်ဘဝ ကျင်လည်နစ်မြုပ်ကာ နေရတော့တယ်" ဟု ဖွင့်ပြတော်မူကြ၏။ ဒါ့ကြောင့်မို့ "သုဂတိ" ဆိုတဲ့ လူ, နတ်, ဗြဟ္မာဘဝ ရဖို့ရောက်ဖို့



ဟာ အလွန်တရာ ခဲယဉ်းကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သင့်ကြပါသည်။ သို့ရာတွင် ဤ "ဘဝကောင်း" ရခဲသည်ထက် ယခုဖော်ပြတော့မည့် "ခဏကောင်း" နှင့် ကြုံရဖို့ဟာ အဆရာထောင်မက ပိုမို၍ ခဲယဉ်းလှပါသည်။ ဤထူးခြားလှသော "ခဏကောင်း" နှင့် ကြုံရတဲ့ ဝိပဿနာယောဂီအချင်းချင်း တွေ့ကြလျှင် -

"အို... ဓမ္မမိတ်ဆွေ မင်္ဂလာရှိသော ခဏပါခင်ဗျား။ ဒီခဏအတွင်း ဝိပဿနာတရား ကြိုးစားအားထုတ်ကြပါစို့" ဟု နှုတ်ဆက်အားပေးကြဖို့ အင်မတန် ကောင်းပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် ဓမ္မမိတ်ဆွေ ယောဂီပုဂ္ဂိုလ်များ ဝိပဿနာတရားကို ပိုင်နိုင်စွာ အားထုတ်တတ်ကြပါစေရန် ဓမ္မဒါနစာအုပ်ငယ်လေးတွေ ရေးသားဖြန့်ဝေခဲ့ရာ ယခုတစ်ခါလည်း လေးကြိမ်မြောက်ဖြစ်သော ဤ **"လမ်းမှန်သိမြင် မြတ်ကျင့်စဉ်"** စာအုပ်ငယ်ကို ရေးသား၍ ကျေးဇူးပြုလိုက်ရပြန်ပါသည်။

*ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်*
*ကောင်းစွာ အားထုတ်နိုင်ကြပါစေ။*

ဦးညွန့်လှိုင် (ရွှေဘို)
အမှတ် ၁၄၅ / ၁၃
မလွန်မြောက်ကြယ်ခတ်ဝင်း
၈၄ x ၈၅လမ်းနှင့် ၃၃ x ၃၄ လမ်းကြား
ချမ်းအေးသာစံမြို့နယ်
မန္တလေး။

Generated by CamScanner from intsig.com

## ရပ်ပြစ် ၈ ပါး

(၁) သာသနာပအခါ လူဖြစ်ရခြင်း

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ ပွင့်ထွန်းရာ သာသနာတွင်းအခါသာလျှင် ဝိပဿနာခေတ်ပဲဖြစ်၏။ ဝိပဿနာ အလုပ်သည် သာသနာတွင်းမှာသာ ပေါ်၏။ ဤသာသနာတွင်း ဝိပဿနာအလုပ်မှ တစ်ပါး, နိဗ္ဗာန်ရောက်ကြောင်း တရားရယ်လို့ သီးခြား မရှိပါ။ ဒါ့ကြောင့်မို့ သာသနာပအခါ၌ ဖြစ်ကြရသော (ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မှအပ) လူတွေဟာ ကမ္မဿကတာဉာဏ်နှင့် လောကီဈာန်အဘိညာဉ်စခန်းမှာပဲ အစွမ်းတုံး၍ လမ်းဆုံးကြရသည်။ လောကီဘက်မှာ ထိပ်တန်းရောက်နေကြတဲ့ "ဒေဝိလ-အာဠာရ-ဥဒက" ရသေ့ကြီးတို့မှာ ဘုရားပွင့်တော်မူခါနီး သီသီကလေး အသေစောသွားကြတဲ့အတွက် "သူတို့ဟာ ငါဘုရားထံမှ သစ္စာတရားကို မနာကြားရလို့ အရှုံးကြီး ရှုံးကြပြီဟေ့" ဟု မြတ်စွာဘုရားရှင် မိန့်မြွက်တော်မူသည်။

(၂) သာသနာတွင်းအခါ ငရဲဘုံ၌ ဖြစ်ရခြင်း။

(၃) သာသနာတွင်းအခါ တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်း။

(၄) သာသနာတွင်းအခါ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း။

[အသုရကာယ်ကို ပြိတ္တာအဖြစ်၌ သွင်းယူသည်။]

အပါယ်လေးပါး သတ္တဝါအများတို့ဟာ အဟိတ်ပဋိသန္ဓေ နေခဲ့ရသူများ ဖြစ်ကြ၏။ သူတို့မှာ ပဋိသန္ဓေနေကတည်းက



ဟိတ်ကောင်း ၃ ချက် မပါသည့်အတွက်ကြောင့် (ဝါ) တရားသိမြင်နိုင်တဲ့ ပညာဟိတ် မပါသောကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန် မရနိုင်ပါ။ ငရဲခံနေရတဲ့ သတ္တဝါတွေကို ဘယ်ဘုရားရှင်ကမှ သွား၍ နိဗ္ဗာန်ရောက်ကြောင်း တရားဟောတော်မမူပါ။

ခွေး တရားထိုင်သည်မရှိ။ ကြောင် ဥပုသ်စောင့်သည်မရှိ။ ကျား ဗြဟ္မစိုရ်ကျင့်သည် မရှိ။ ဒါ့ကြောင့်မို့ တိရစ္ဆာန်ဘဝတို့မှာ မဂ်, ဖိုလ်ရဖို့ ဝေးစွ။ လူ ပြန်ဖြစ်ဖို့တောင် အလွန်တရာ ခဲယဉ်းလှပါဘိ။ ဘဝများစွာ သံသရာအဆက်ဆက်က ပြုခဲ့သော မရေတွက်နိုင်တဲ့ အကုသိုလ်ကံဟောင်းတွေနှင့် လက်ရှိဘဝမှာ ကျူးလွန်ထားသော များပြားလှတဲ့ အကုသိုလ်ကံသစ်တွေက သူထက်ငါလု၍ အပါယ်လေးပါးသို့သာ ဆက်ကာဆက်ကာ ပစ်ချကြသောကြောင့် ကျောက်ခဲရေကျ အဖြစ်ဆိုးကြုံလို့ သုဂတိဘုံသို့ ပြန်တက်မလာသော အပါယ်သတ္တဝါတွေသာ အလွန်များ၏။

(၅) သာသနာတွင်းအခါ အမိဝမ်းတွင်းကတည်းက ကန်း၊ ပင်း၊ ဆွံ့အ၊ ထိုင်းမှိုင်း၊ ရူးနှမ်းသူ ဖြစ်ရခြင်း

ဤသူတွေဟာ သာသနာတွင်းအခါ သုဂတိဘဝ ရလာကြသော်ငြားလည်း မဂ်, ဖိုလ် မရနိုင်ပါ။ ဘာ့ကြောင့်လဲဆိုရင် ဤသူတွေလည်း အဟိတ်ပဋိသန္ဓေနေခဲ့ရသူများ ဖြစ်၍ တရားသိမြင်နိုင်တဲ့ ဉာဏ် မပါသောကြောင့် ဖြစ်သည်။

(ဒုဂ္ဂတိ-မကောင်းသဖြင့် လားရောက်ရာ အပါယ်ဘုံသားဘဝ၊ သုဂတိ-ကောင်းသဖြင့် လားရောက်ရာ လူ, နတ်, ဗြဟ္မာဘဝ၊ အဟိတ်-အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ ဟိတ်ကောင်း ၃ ပါး မပါသော၊ ပဋိသန္ဓေ-ဘဝနှစ်ခု ဆက်စပ်သကဲ့သို့ ရှေးအကြောင်းကံကြောင့် အကျိုးရုပ်နာမ်အသစ် အစဦးစွာ ဖြစ်မှု)

Generated by CamScanner from intsig.com

(၆) ရုပ်သာရှိသော ဘုံ, နာမ်သာရှိသော ဘုံ၌ ဖြစ်ရခြင်း

ရုပ်သာရှိသော (အသညသတ်) ဘုံ၌ ဖြစ်ကြရသော ဗြဟ္မာကြီးတွေနှင့် နာမ်သာရှိသော (အရူပ) ဘုံ၌ ဖြစ်ကြရသော ဗြဟ္မာကြီးတွေဟာ တရားနာနိုင်တဲ့ ရုပ်နာမ်မပြည့်စုံကြသောကြောင့် မဂ်, ဖိုလ် မရနိုင်ကြပါ။ တကယ်တော့ ဤဗြဟ္မာကြီးတွေဟာ သစ္စာတရား မနာယူနိုင်ကြတဲ့အတွက် "နာမည်ကြီး ထမင်းငတ် ပုဂ္ဂိုလ်တွေပဲ။" သူတို့ရဲ့ အသက်တမ်းတွေကလည်း ကမ္ဘာငါးရာမှ သောင်းနှင့်ချီ၍ အလွန်ရှည်ကြတာကြောင့် မဂ်, ဖိုလ်မမိုး အချည်းနှီး သက်ဆိုးရှည်နေကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြ၏။ ရှေးဘဝက အရိယာ ဖြစ်ပြီးမှ စုတေ၍ အရူပဘုံ၌ ဖြစ်လာသော အရူပအရိယာ ဗြဟ္မာကြီးများကို မဆိုလိုပါ။ ပုထုဇဉ်ဖြစ်သော အသညသတ်ဗြဟ္မာနှင့် အရူပဗြဟ္မာတွေကိုသာ ဆိုလိုပါသည်။

(၇) သာသနာမရောက်ရာ အစွန်အဖျားအရပ်ဒေသ၌ လူဖြစ်ရခြင်း

သာသနာတွင်းတရား မရောက်ရာ အရပ်ဒေသဟူသမျှ အစွန်အဖျား အရပ်တွေချည်းပဲ ဖြစ်ကြ၏။ ထိုအရပ်ဒေသတွေမှာ ဖြစ်ကြရတဲ့လူတွေဟာ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတွင်းအခါမှ ပေါ်လာသော သစ္စာတရားကို မနာရ၊ မကြားရသောကြောင့် မဂ်, ဖိုလ်နှင့် ဝေးကြရ၏။ ယနေ့ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေလို လနယ် တကယ်ထွန်းလင်းပါပေသည်ဆိုတဲ့ ဤမြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာပင် သာသနာမရောက်သော အရပ်ဒေသများ ရှိနေ၏။ သို့ဖြစ်၍ သာသနာပြု အာဇာနည်ရဟန်းပုဂ္ဂိုလ်များသည် သာသနာမျိုးစေ့ မကျရောက်သေးတဲ့ ထိုထိုအရပ်ဒေသများသို့



ကြွရောက်ပြီး ကြိုးစား၍ သာသနာပြုတော်မူနိုင်ကြပါစေ။ သာသနာပြုအာဇာနည် လူပုဂ္ဂိုလ်များဘက်ကလည်း ပစ္စည်းလေးပါး နှင့် လိုအပ်သည်များကို ကြိုးစား၍ ထောက်ပံ့နိုင်ကြပါစေ။

(၈) နိယတ မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်ရခြင်း

(ဤနိယတမိစ္ဆာဒိဋ္ဌိ ၃ ပါးကို "ကြောင်းကျိုးသိမြင် မြတ်ကျင့်စဉ်" စာအုပ်ငယ်မှာ ရှုပါ။) ဤဒိဋ္ဌိအယူရှိသူဖြစ်ပါက ဘုရားအဆူဆူ တရားဟော၍ ချေချွတ်တော်မူတောင်မှ ဤဒိဋ္ဌိစွဲ အလွန်မြဲသောကြောင့် ကျွတ်တမ်းမဝင်နိုင်ပါ။ သေလျှင် ငရဲကျစမြဲ။ အကြီးဆုံး အပြစ်သင့်ခြင်းပဲ။ ဒါ့ကြောင့်မို့ ဤနိယတမိစ္ဆာဒိဋ္ဌိသမား ငရဲသားကို "သံသရာ သစ်ငုတ်" ဟု မိန့်ဆိုကြသည်။

ဤနိယတမိစ္ဆာဒိဋ္ဌိမှ တစ်ပါး အခြားသော သက္ကာယဒိဋ္ဌိ စသည်တွေကတော့ သာသနာတွင်းအခါ အကြောင်းညီညွတ်၍ သစ္စာ ဆိုက်အောင် ဟောပြနိုင်သော ဆရာသမားကောင်းထံ၌ သစ္စာတရား နာကြား၍ ပွားများအားထုတ်ပါလျှင် စင်ကြယ်သောကြောင့် မဂ်, ဖိုလ် ရနိုင်ပါသည်။ သို့မဟုတ်ပါက (သာသနာတွင်းကြုံပါလျက် သက္ကာယဒိဋ္ဌိစသည် အသိပြုတ်မှု မပြုတ်သေးပါက) "ငါလည်းပဲ ရပ်ပြစ်ရှစ်ပါးတွင် ပါဝင်နေသူနဲ့ ဘာထူးသလဲ။ ငါ့သန္တာန်မှာ သက္ကာယဒိဋ္ဌိ မပြုတ်သေးသမျှ အပါယ်အရေး ရင်မအေးရသေး ပါလား" ဟု နှလုံးသွင်း၍ ဤဘဝတွင်ပဲ ဒိဋ္ဌိအမြစ်ပြုတ်အောင် ကြိုးစားအားထုတ်မည်ဟု စွဲမြဲသော အဓိဋ္ဌာန် ပြုပါ။

အထက်ပါ အဖြစ်ရှစ်မျိုးကို "ရပ်ပြစ်ရှစ်ပါး" ဟု ခေါ် သည်။ (၁) အချက်က သာသနာပအခါ ဖြစ်၍ ကျန် (၇) ချက်လုံးမှာ သာသနာတွင်းအခါ ဖြစ်၏။ သို့သော်လည်း ဤသူတွေ မဂ်,

Generated by CamScanner from intsig.com

ဖိုလ် မရနိုင်ကြပုံကိုညွှန်ပြခဲ့သည့်အတိုင်း သိပါ။ မဂ်, ဖိုလ်ရနိုင်သော အခွင့်ကောင်း အခါကောင်းကား ကေန်ရှိ၏။ သို့ရာတွင် ထိုအခွင့် အခါကောင်းသည် မိုးမှောင်ထဲမှာ လက်ကနဲ တစ်ချက်တည်း လျှပ်စစ် ပြက်တဲ့ အချိန်ခဏ်မျှ ခဏဆို ခဏကလေးသာ ကြာ၏။ အသင်္ချေ များစွာ ရှည်ကြာသော သာသနာပကမ္ဘာတွေ ရှိပုံ၊ ကမ္ဘာ့ကမ္ဘာ လွန်လေပါလည်း တစ်ခါတစ်ရံ ကြုံဖို့ရန် ခဲယဉ်းလှတဲ့ ဘုရား သာသနာတော်မြတ်ကြီးဖြစ်ပုံ၊ အလွန်ရှည်ကြာသော နတ်, ဗြဟ္မာ သက်တမ်းတွေနှင့် ယှဉ်ကြည့်ပါက ယခုအခါ လူ့သက်တမ်း အလွန်တိုလှပုံ၊ (လူတို့အသက် အနှစ်ငါးဆယ်မှာ အောက်ဆုံး စတု မဟာရာဇ်နတ်တို့အသက်က တစ်ရက်ပဲရှိပါသေးသတဲ့။) လူ့သက် တမ်း တိုလှသည့်အထဲမှာ ဘေးတကာ ရန်အသွယ်သွယ် ဝိုင်း၍ ရောဂါအမျိုးမျိုး ဆထက်တိုးသဖြင့် အသေဆိုးကြုံလွယ်ပုံ စသည် အားဖြင့် တစ်ရေးရေး စဉ်းစားကြည့်လျှင် "ခဏလေးသာ ကြာ၏" ဆိုတာကို လက်ခံနိုင်ပါလိမ့်မည်။ ဤမျှ တိုတောင်းတဲ့ အခိုက်အတန့် ခဏကို မဂ်, ဖိုလ်ရနိုင်သော အခွင့်အခါမို့ "ခဏကောင်း" လို့ ခေါ်ရပါသည်။

## ခဏကောင်း အင်္ဂါ ဤ ၃ ဖြာ

(၁) ဘုရားသာသနာတွင်း လူဖြစ်ရခြင်း။

(၂) သစ္စာဆိုက်အောင် ဟောပြနိုင်တဲ့ ဆရာကောင်းထံ ဆည်းကပ်ရခြင်း။

(၃) ဆရာကောင်းဟောပြတဲ့ သစ္စာတရားတွေကို နားလည်သော ဉာဏ်ရှိခြင်း။



ဤအင်္ဂါ ၃ ချက်နှင့် ညီညွတ်ပြည့်စုံနေသူကို "ခဏ ကောင်းနှင့် ကြုံရသူ" ဟူ၍ သေချာစွာ မှတ်ယူပါ။ ရပ်ပြစ် ရှစ်ပါး မှ ဆက်၍ ရေတွက်လျှင် ကိုးခုမြောက်ဖြစ်သောကြောင့် "ဗုဒ္ဓုပ္ပါဒ နဝမခဏ" ဟု ဆိုရသည်။ (ဗုဒ္ဓုပ္ပါဒ – ဘုရားပွင့်ရာ သာသနာတွင်း အခါ၊ နဝမ – ကိုးခုမြောက်၊ ခဏ – မဂ်, ဖိုလ်ရဖို့ရန် အလွန် တိုတောင်းသော အခွင့်အခါ။) ဆရာကောင်းထံ ဆည်းကပ်၍ သစ္စာတရားတွေ နာကြားရသော်ငြားလည်း သစ္စာအားလျော်သော အကျင့်ကို မကျင့်ပါက ဤဘဝတွင် လိုရင်းကိစ္စကြီး မပြီးစီးပဲ အချည်းနှီးဖြစ်၍ သံသရာဆင်းရဲသက် ရှည်ချင်လို့ မှတ်ပါ။

## ဗုဒ္ဓမိန့်ခွန်းတော်

"ရဟန်းတို့ (ယောဂီတို့) သင်တို့သည် ဤခဏကောင်း လေးကို အလွဲသုံးစား မလုပ်ကြပါနဲ့။ ဤခဏကောင်းလေးမှ မဂ်, ဖိုလ်ရအောင် မလုပ်ဘဲ လွဲချော်လွန်ကျွံသွားသူတို့သည် အပါယ် လေးပါးမှာ ကြီးမားစွာ ဒုက္ခတွေ့၍ ဆွေ့ဆွေ့ခုန် တုန်လှုပ် ငိုကြွေး, ပူဆွေးကြရတယ်။ ဤခဏကောင်းလေးကို လက်ရှိထင်ရှားရနေတဲ့ သင်တို့သည် မဂ်, ဖိုလ်ရသည့်တိုင်အောင် ကိုယ့်ဝိပဿနာ အလုပ် ကိုယ်ကြိုးစား၍ အားထုတ်ကြရမည်။"

## ကြိုးစားလျှင် ရနိုင်သည်

*[ဆောင်]* သာသနာပ, လူဖြစ်ရနှင့်[၁၊၂၊၃၊၄] သုံးဝပယ်ခွင်၊ မိ ဝမ်းတွင်က, လူစဉ်မမီ, ဖြစ်သည်ဘဝ[၅]၊ ရုပ်မျှသာရှိ, နာမ်မျှရှိနေ, ဗြဟ္မာတွေပါ[၆]၊ သာသနာမကပ်,စွန်ဖျားရပ်ငှ,

ဖြစ်သည့်သူနှင့်၊ အယူလွဲမှား၊ လူအများ၊ ရှစ်ပါးရပ်ပြစ်ပေါင်း။

ရှစ်ပါးရပ်ပြစ်၊ အလွတ်ဖြစ်ငြား၊ ဘုရားသာသနာ တွင်းအခါ၌၊ သစ္စာဟောတတ်၊ ဆရာမြတ်ထံ၊ တရားမှန်ကို၊ နာခံနည်းယူ၊ နားလည်သူမှာ၊ ဗုဒ္ဓုပ္ပါဒ၊ နဝမ၊ ခဏအကြုံ ကောင်း။

မဂ်, ဖိုလ်တားဆီး၊ ရန်ကြီးငါးသွယ်၊ ကင်းလွတ်ပယ်၍၊ တကယ်ကြုံတောင်း၊ ခဏကောင်း၌၊ အကြောင်းစုံညီ၊ မြတ်ယောဂီကား၊ မဂ်တရား၊ ကြိုးစားရနိုင်ကြောင်း။

## ကံလမ်း ဉာဏ်လမ်း ဤနှစ်လမ်း ဘယ်လမ်းလိုက်မလဲ

ဤလောက၌ အချိုမျိုးစေ့ကြောင့် အချိုပင်ပေါက်သကဲ့သို့ ရှေးဘဝက သတ္တဝါတို့ ပြုအပ်ခဲ့သော ကုသိုလ်ကံသတ္တိကြောင့် လူခန္ဓာပင်၊ နတ်ခန္ဓာပင်၊ ဗြဟ္မာခန္ဓာပင်တွေ ပေါက်လာကြရ၏။ ဤသို့ဆိုသဖြင့် "ရှေးဘဝကုသိုလ်ကံသတ္တိက ယခုဘဝ လူနတ်ဗြဟ္မာ ခန္ဓာတွေကို ဖြစ်ပေါ်စေသည်" ဟု နားလည်ရ၏။ ဤလို သုဂတိ ခန္ဓာတွေကို ကံကဖြစ်ပေါ်စေရာ၌ ကံကို အဝိဇ္ဇာတဏှာက အုပ်ချုပ်၍ စေခိုင်းသည်။ ဘယ်လိုလဲဆိုရင် "ဤယခုပြုရသော ဒါနအစရှိတဲ့ ကုသိုလ်ကံစေတနာတို့ကြောင့် နိဗ္ဗာန်မရခင်စပ်ကြား လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တွေကို အကြိမ်ကြိမ် ခံစားရသည် ဖြစ်၍ အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန်ရောက်ရပါလို၏ အရှင်ဘုရား" ဟု ဗုဒ္ဓဘာသာဝင်အများတို့၏ ရိုးရာဆုတောင်းကိုကြည့်လျှင်



သိသာစွာ ပေါ်လွင်နေသည်။ နိဗ္ဗာန်တစ်ခုတည်းကို ဆုမတောင်းဘဲ "နိဗ္ဗာန်မရခင်စပ်ကြား" ဟု ထည့်ကာ လူ, နတ်, ဗြဟ္မာ ဘဝခန္ဓာတွေကို ဒုက္ခသစ္စာမှန်းမသိဘဲ စည်းစိမ်ချမ်းသာထင်၍ တဏှာက ခင်မင်လိုချင် တောင့်တသည်။ ဤအဝိဇ္ဇာတဏှာ၏ အလိုအတိုင်း ကံက လူ, နတ်, ဗြဟ္မာ ဘဝခန္ဓာတွေကို ပြုပြင်စီမံပေးရသည်။

ဤကဲ့သို့ အဝိဇ္ဇာတဏှာ အရှင်သခင်၏ အလိုအတိုင်း ကံတပည့်က ပြုပြင်စီမံလိုက်သော သုဂတိဘဝခန္ဓာ ဟူသမျှဟာလည်း နောက်ဆုံး အိုသေဒုက္ခသည်စခန်းမှာ ခေါင်းဆိုက်ကြရစမြဲ ဖြစ်၏။ ဤအဝိဇ္ဇာတဏှာ ခေါင်းဆောင်သော ကုသိုလ်ကံလမ်းကို လူ, နတ်, ဗြဟ္မာဘုံဘဝ အိုသေဒုက္ခဆီ ရောက်စေသောကြောင့် "မျောလမ်း" ဟု ခေါ်သည်။

အခါးမျိုးစေ့ကြောင့် အခါးပင်ပေါက်သကဲ့သို့ ရှေးဘဝက သတ္တဝါတို့ ပြုအပ်ခဲ့သော အကုသိုလ်ကံသတ္တိကြောင့် ငရဲသား ခန္ဓာပင်၊ တိရစ္ဆာန်ခန္ဓာပင်၊ ပြိတ္တာခန္ဓာပင်၊ အသုရကာယ် ခန္ဓာပင်တွေ ပေါက်လာကြရ၏။ ဤသို့ ဆိုသဖြင့် "ရှေးဘဝ အကုသိုလ်ကံ သတ္တိက ယခုဘဝ အပါယ်လေးပါးခန္ဓာတွေကို ဖြစ်ပေါ်စေသည်" ဟု နားလည်ရ၏။ ဤလို အပါယ်ခန္ဓာတွေကို ကံက ဖြစ်ပေါ်စေရာ၌ အဝိဇ္ဇာတဏှာကအုပ်ချုပ်၍ စေခိုင်းသည်။ ဘယ်လိုလဲဆိုရင် "ငါ ယောကျ်ားပဲ၊ ငါမိန်းမပဲ၊ လူရယ်လို့ ဖြစ်လာမှတော့ ကိုယ်နဲ့ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ်ဇနီး၊ ခင်ပွန်းအတွက်ဖြင့် လုပ်ရှားရန်းကန် ရမှာပဲ။ ကုသိုလ်, အကုသိုလ်တွေ ငါနားမလည်ဘူး။ သေတစ်နေ့၊ မွေးတစ်နေ့ပဲ။ ဒီဘဝဒီကိုယ်၊ ဟိုဘဝဟိုကိုယ် ဘာဆိုင်လဲ။ လက်ရှိ ဘဝကောင်းစားဖို့ပဲ အရေးကြီးတယ်" ဟု အယူရှိကြကာ သက်သတ်၊

Generated by CamScanner from intsig.com

ခိုးမှု၊ ကာမေသုနှင့် မုသားစကား၊ သောက်စားမူးယစ် အကုသိုလ် အပြစ်တွေကို ကျူးလွန်ကြ၏။ ဤသို့ အမှန်မသိမှု အဝိဇ္ဇာနှင့် ခန္ဓာခင်မင် ပစ္စည်းလိုချင်မှု တဏှာကခေါင်းဆောင်၍ အကုသိုလ်ကံတွေ လုပ်ဖြစ်ကြသည်။ ဤအကုသိုလ်ကံတွေကြောင့် ထိုပုဂ္ဂိုလ်မျိုးတွေမှာ ဤဘဝနာမည်ပျက်ခြင်း၊ ဆင်းရဲခြင်း၊ အချုပ်ထောင်ကျခြင်း အစရှိတဲ့ ဒုက္ခမျိုးစုံနှင့် နောင်ဘဝ အပါယ်ကျ၍ အကြီးအကျယ် ဒုက္ခတွေ ပင်လယ်ဝေအောင် ခံကြရသည်။ ဤအဝိဇ္ဇာ တဏှာ ခေါင်းဆောင်သော အကုသိုလ်ကံလမ်းကို အပါယ်ဘုံဘဝ အကြီးဆုံး ဒုက္ခဆိုက်ရောက်စေသောကြောင့် "မြုပ်လမ်း" ဟု ခေါ်သည်။

လောကလူသားတွေဟာ အရောင်းအဝယ်တွေကကောင်း၊ အလုပ်အကိုင်တွေကဖြောင့်၊ စီးပွားတွေလည်း တက်လို့၊ သားသမီးတွေကလည်း လိမ္မာလို့၊ အဲဒီလိုအဆင်ပြေနေတဲ့အခါကျတော့ "ငါကျန်းကျန်းမာမာနဲ့ အသက်ရှည်ချင်သေးတယ်" ဆိုပြီး ကိုယ့်ဘဝလေးနဲ့ကိုယ် အလွန် ပျော်မွေ့နေတတ်ကြ၏။ "အခုလို ကြွေးမတင် မြီမတင်နဲ့ လူတန်းစေ့လည်းနေရ၊ အလှူဒါနတွေလည်း ပြုရလို့ တော်သေးရဲ့" ဟု ကိုယ့်ဘဝကို အလွန်ကျေနပ်နေတတ်ကြ၏။ အဆင်ပြေတာလေးတွေ တွေးပြီး ခိုင်မြဲလိမ့်ဦးမည် အထင်ကြီးနှင့် ပြုံးပြီး နေတတ်ကြ၏။ အချို့ ပုဂ္ဂိုလ်တွေကလည်း "ထုံကူးသည်၊ အသေထွက်သည်၊ အရှင်ထွက်သည်" အစရှိသဖြင့် မခိုင်မြဲတဲ့ ရုပ်နာမ်အနတ္တတွေကို ခိုင်မြဲစေချင်၍ လောကီဝိဇ္ဇာမိုရ်အတတ်တွေကို တွင်တွင်ကြီး လိုက်စားနေကြသည်။ ဤလို အဖြစ်မျိုးမှာ "သဿတ ဒိဋ္ဌိလမ်း" ကို လိုက်နေတာပဲ ဖြစ်သည်။

တစ်ခါတစ်လေကျပြန်တော့ လောကဓံသဘောအရ ဘဝဟာ ပြောင်းပြန် ဖြစ်သွားတတ်၏။ အရောင်းအဝယ်တွေက



မကောင်း၊ အလုပ်အကိုင်တွေက မဖြောင့်၊ စီးပွားရေးကကျ၊ သားသမီးတွေကလည်း ထော်လော်ကန့်လန့်နဲ့ မလိမ္မာ။ အဲဒီလို အခါကျတော့ "အို နင်တို့နဲ့ နေရတာ ဘာမှ အဆင်မပြေဘူး၊ ငါသေပဲ သေချင်တော့တယ်။ ဒီလိုဟန်မကျပုံများနဲ့တော့ သေတာက အေးတယ်" ဟု ကိုယ့်ဘဝကို အဆုံးစီရင်လိုစိတ် ပေါ်တတ်ကြ၏။ "ဒီဘဝဒီတစ်ခါ သေပစ်လိုက်ရင် ဒုက္ခပြတ်ပြီ" အထင်နှင့် "အဆိပ်သောက် သေရတာကောင်းမလား၊ ကြိုးဆွဲချသေရမလား" ဟု စိတ်ကူးမိတတ်ကြ၏။ အချို့ပုဂ္ဂိုလ်တွေကလည်း မြို့ရွာထဲက သာပွဲနာပွဲတွေမှာ သူများကျွေးတဲ့ ထမင်းနှင့် ကွမ်း၊ ဆေး၊ လက်ဖက်တွေကိုတော့ အငမ်းမရ စားသောက်ကြပြီး ဝိုင်းဖွဲ့၍ "လှူတာအကျိုးမရှိဘူး။ လှူရင်မွဲတတ်တယ်။ ရှေ့ဘဝ၊ နောက်ဘဝ ဆိုတာ ကိုယ်မြင်ရတာမှမဟုတ်ဘဲ၊ အပါယ်ငရဲ ဘယ်မှာလဲ။ မင်းမြင်ဖူးလို့လား၊ ရောက်ဖူးလို့လား" အစရှိသည်ဖြင့် တစ်နည်း။ "ငါတို့က ဝိပဿနာသမားတွေလို ရှုမှတ်အားထုတ်စရာ မလိုဘူးကွ။ သိရုံနဲ့ ကံပြတ်ပြီး နိဗ္ဗာန်မြင်နေပြီ" အစရှိသဖြင့် တစ်ဖုံ၊ အမှားမျိုးစုံကို နောက်တက်လူငယ်တွေအား တနင့်တပိုးကြီး အမွေပေးတတ်ကြ၏။ (သူတို့ "သိရုံနဲ့" ဆိုတာ အပြောသိတွေသာ ဖြစ်သည်။ အမှားသိတွေသာ များသည်။ ယောင်လို့မှ နားမဝင်ကြလေနှင့်၊ အန္တရာယ်ကြီးလှသည်။) ဤလိုအဖြစ်မျိုးမှာ "ဥစ္ဆေဒဒိဋ္ဌိလမ်း" ကို လိုက်နေတာပဲ ဖြစ်သည်။

"အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ" ဆိုတဲ့ ငါးပါးအာရုံ ကာမဂုဏ်ချမ်းသာကို လိုက်စားခြင်း၊ လူ့ပြည်နတ်ပြည်မှာ ထိုထိုအာရုံ ကာမဂုဏ်ချမ်းသာတွေ ခံစားရဖို့အတွက် ကုသိုလ်ကောင်းမှုပြုလျက် တဏှာဖြင့် ဆုတောင်းခြင်း အလုပ်တွေဟာ

Generated by CamScanner from intsig.com

"ကာမသုခလ္လိကာနုယောဂ" အကျင့်တွေပဲ ဖြစ်၏။ မြန်မာလို "ခံစားမှုချမ်းသာလမ်း" ဟု မှတ်ပါ။

ခွေးလိုကျင့်ခြင်း၊ နွားလိုကျင့်ခြင်း၊ ဆူးပေါ်အိပ်ခြင်း၊ ရေချိုးမီးလှုံခြင်း၊ အစာအငတ်ခံခြင်း အစရှိတဲ့ အကျင့်မျိုးတွေကို ကျင့်လျှင် ကိလေသာစင်ကြယ်၍ သုဂတိနိဗ္ဗာန် ရောက်သည်ဟု အယူရှိလျက် "သစ္စာမမြင်၊ မဂ္ဂင်မပါ၊ ကိုယ်ပင်ပန်းဆင်းရဲရုံမျှသာ" အဖတ်တင်တဲ့ ထိုအကျင့်များတွေဟာ "အတ္တကိလမထာနုယောဂ" အကျင့်တွေပဲ ဖြစ်၏။ မြန်မာလို "ကိုယ်သာပင်ပန်းဆင်းရဲလမ်း" ဟု မှတ်ပါ။ "သဿတဒိဋ္ဌိလမ်း" နှင့် "ခံစားမှု ချမ်းသာလမ်း" သည် မျောလမ်း ဖြစ်၏။ "ဥစ္ဆေဒဒိဋ္ဌိလမ်း" နှင့် "ကိုယ်သာ ပင်ပန်းဆင်းရဲလမ်း" သည် မြုပ်လမ်းဖြစ်၏။ ဤမြုပ်လမ်း၊ မျောလမ်းနှစ်သွယ်ကို "ကံလမ်း" ဟု ခေါ်သည်။ ကံလမ်းဟာ အဝိဇ္ဇာတဏှာ ဦးစီးခေါင်းဆောင်၍ စီမံသဖြင့် မွေးသေဖြစ်ပျက် ဒုက္ခသစ္စာ ခန္ဓာတွေကို သာလျှင် အဆက်မပြတ် ဖြစ်စေ၊ ရစေတတ်သောကြောင့် လမ်းကောင်း လမ်းမှန်မဟုတ်ကြောင်း သိပါ။ "ကံလမ်းက သံသရာလည်သည်" ဟူလို။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို နတ်သားတစ်ယောက်က မေးသည။

နတ်သား ။ ။ အရှင်ဘုရား ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း တည်းဟူသော ဘေးဆိုးကြီးတွေ ရှိနေတဲ့ သံသရာဝဲသြဃကြီးကို ဘယ်လိုနည်းနှင့် ကူးမြောက်ပြီးသကာလ ပဋိသန္ဓေနေ အို, နာ, သေ ကင်းရာ နိဗ္ဗာန်သောင်ကမ်းကြီးသို့ တက်လှမ်းပြီး ရောက်လာခဲ့ပါသလဲ။



ဘုရား ။ ။ အို… နတ်သား သံသရာဝဲသြဃကြီးထဲမှာ မကူးဘဲ ရပ်နေပြန်တော့လည်း မြုပ်သွားတယ်ကွာ။ အလွန်ကြီး ကူးပြန်းတော့လည်း မျောသွားတာပဲကွ။ ဒါ့ကြောင့် မျောလမ်းလည်း ငါမလိုက်ခဲ့ဘူး။ မြုပ်လမ်းလည်း ငါမလိုက်ခဲ့ဘူး။ ဒီမျောလမ်းနှင့် မြုပ်လမ်း နှစ်သွယ်မှ ရှောင်ပြီးသကာလ ငါဟာ အလယ်လမ်းမှန်က လိုက်ခဲ့သဖြင့် ဒီနိဗ္ဗာန်သောင်ကမ်းကြီးပေါ် တက်ရောက်လာခဲ့တယ်။

ဤသို့ နတ်သားအား ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဖြေပုံကို ကြည့်၍ သံသရာဝဲသြဃကြီးထဲမှ ထွက်မြောက်လိုသော ယောဂီပုဂ္ဂိုလ်သည် "ကံလမ်း မလိုက်ဘူး၊ ဉာဏ်လမ်းလိုက်မယ်" ဆိုတဲ့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ခွာ ချပါ။

## သြဃ ၄ ပါး

### (၁) ကာမောဃ

"ကာမောဃ" ဆိုတာ လူပြည်နတ်ပြည်ရှိ ငါးပါးအာရုံ ကာမဂုဏ်တွေကို ခင်မင်လိုချင်တောင့်တတဲ့ တဏှာပဲဖြစ်၏။ "တဏှာ ပစ္စယာ ဥပါဒါနံ" အစရှိသည်ဖြင့် ဘုရားဟောတော်မူတဲ့ အတိုင်း တဏှာဖြစ်ရင် ဥပါဒါန် ဖြစ်၏။ ဥပါဒါန်ဖြစ်ရင် ကမ္မဘဝ ဖြစ်၏။ ကမ္မဘဝဖြစ်ရင် ဇာတိဖြစ်၏။ ဇာတိဖြစ်ရင် ဇရာမရဏ (အိုသေ) ဖြစ်၏။ ဤကဲ့သို့ "ကာမောဃ" ဆိုတဲ့ တဏှာရေအလျဉ်ဟာ မိမိကိန်းရာ သတ္တဝါကို ဘဝတိုင်းမှာ အိုအောင် သေအောင် နှိပ်စက် ဖိသတ် နှစ်မြှုပ်တတ်သည်။

Generated by CamScanner from intsig.com

(၂) ဘဝေါဃ

"ဘဝေါဃ" ဆိုတာ ရူပ–အရူပဈာန်နှင့် ဗြဟ္မာဘဝကို ခင်မင်လိုချင်တောင့်တတဲ့ တဏှာ (လောဘ) ပဲဖြစ်၏။ ဤတဏှာလည်း ဗြဟ္မာအို၊ ဗြဟ္မာသေမှာ လမ်းဆုံးသည်။ ဒါ့ကြောင့် "ကာမောဃနဲ့ ဘဝေါဃဟာ မျောလမ်းပဲ" ဟု မှတ်ပါ။

(၃) ဒိဋ္ဌောဃ

"ဒိဋ္ဌောဃ" ဆိုတာ "ငါနဲ့ ငါ့သားသမီး၊ ငါ့ပစ္စည်း" ဟု ထင်မြင်၊ ခင်မင်၊ စွဲလမ်းတဲ့ ဒိဋ္ဌိပဲ ဖြစ်၏။ ဤဒိဋ္ဌိလည်း "ဒိဋ္ဌိ– ဒိဋ္ဌုပါဒါန်" စသည်ဖြင့် အပါယ်ဇာတိ ဇရာမရဏတိုင်အောင် သွားသည်။

(၄) အဝိဇ္ဇောဃ

"အဝိဇ္ဇောဃ" ဆိုတာ သစ္စာလေးချက် သဘောနက်ကို သူကိုယ်တိုင်လည်း မသိ၊ သူတစ်ပါးမသိအောင်လည်း ဖုံးဝှက်ကွယ်ကာတဲ့ အဝိဇ္ဇာ (မောဟ) ပဲ ဖြစ်၏။ ဤ အဝိဇ္ဇာလည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစရှိသည်ဖြင့် အပါယ်အို အပါယ်သေတိုင်အောင် သွားသည်။ ဒါ့ကြောင့် "ဤအဝိဇ္ဇောဃကိုလည်း ဒိဋ္ဌောဃနှင့် တွဲ၍ မြုပ်လမ်းပဲ" ဟု မှတ်ပါ။ (အဝိဇ္ဇာကတော့ မျောလမ်းလည်း ခေါင်းဆောင်တာပဲ။ မြုပ်လမ်းလည်း ခေါင်းဆောင်တာပဲ။ သို့သော် ဒီနေရာမှာ "သုဂတိခေါင်းဆောင် တဏှာ၊ အပါယ်ခေါင်းဆောင် အဝိဇ္ဇာ" ဟု မှတ်ပါ။)



## မဂ္ဂင် ၈ ပါး

| | | | | |
|---|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | = | အမြင်မှန်။ | ပညာမဂ္ဂင် |
| ၂။ | သမ္မာသင်္ကပ္ပ | = | အကြံမှန် | |
| ၃။ | သမ္မာဝါစာ | = | အပြောမှန် | သီလမဂ္ဂင် |
| ၄။ | သမ္မာကမ္မန္တ | = | အလုပ်မှန် | |
| ၅။ | သ " အာဇီဝ | = | သက်မွေးမှန် | |
| ၆။ | " ဝါယာမ | = | ဝီရိယမှန် | သမာဓိမဂ္ဂင် |
| ၇။ | " သတိ | = | သတိမှန် | |
| ၈။ | " သမာဓိ | = | သမာဓိမှန် | |

## အလယ်လမ်းမှန်လိုက်ပုံ

ဩဃ ၄ ပါးကို တူရာပေါင်းလိုက်လျှင် "လောဘ–ဒိဋ္ဌိ–မောဟ" ဟု တရားကိုယ် ၃ မျိုးသာ ရ၏။ ဤဩဃတရားတွေဟာ ကံကို အုပ်ချုပ်စီမံသော မူရင်းလက်သည်ကြီးတွေပဲ ဖြစ်ကြ၏။ သူတို့ ၃ ဦးကို မသတ်နိုင်လျှင် ကံဆက်၏။ ကံဆက်လျှင် ခန္ဓာရ၏။ ခန္ဓာရလျှင် အို, နာ, သေနှင့် သောက ပရိဒေဝ စသည့် ဒုက္ခတွေလည်း တစ်ပါတည်း ပါလာ၏။ "ဤခန္ဓာဒုက္ခသစ္စာတွေကို မရချင် မလိုချင်ပါဘူး" ဆိုရင် ဤဒုက္ခတွေပေးတဲ့ မူရင်းလက်သည် ၃ ဦးကို သတ်နိုင်သော တရားကို ရှာရမည်။ စင်စစ် လောဘကို သတ်နိုင်သော တရားမှာ အလောဘပဲ။ မိစ္ဆာဒိဋ္ဌိကို သတ်နိုင်သော တရားမှာ သမ္မာဒိဋ္ဌိပဲ။ မောဟ (အဝိဇ္ဇာ) ကို သတ်နိုင်သော တရားမှာ အမောဟ (ဝိဇ္ဇာ) ပဲ။ သို့ဖြစ်၍ ယောဂီပုဂ္ဂိုလ်၏

Generated by CamScanner from intsig.com

သန္တာန်၌ အမောဟ အလင်းရောင်တောက်လျှင် မောဟအမှောင် ပျောက်ရသည်။ သမ္မာဒိဋ္ဌိရေစင်ဖျန်းလျှင် မိစ္ဆာဒိဋ္ဌိလောင်မီး ငြိမ်းရသည်။ အလောဘစစ်သူကြီး ချီလာလျှင် လောဘသူပုန် ထွက်ပြေးရသည်။

ဤသို့ ဒုက္ခပေးတဲ့ မူရင်းလက်သည်ကြီး သုံးဦးကို ပယ်သတ်နိုင်တဲ့ တရားမင်းကြီး ၃ ပါးကို စိစစ်လိုက်ပြန်လျှင် "အလောဘ (မလိုချင်မှု)" ဆိုတာလည်း ဖြစ်ပျက်ခန္ဓာကို ဒုက္ခသစ္စာ မှန်း သိတဲ့ဉာဏ် ပါသည်။ "သမ္မာဒိဋ္ဌိ (အမြင်မှန်)" ဆိုတာလည်း ခန္ဓာအရှိကို အမှန်အတိုင်း သိတဲ့ဉာဏ်ပဲ ဖြစ်သည်။ "အမောဟ (သိမှု)" ဆိုတာလည်း သစ္စာလေးပါးကို သိတဲ့ဉာဏ်ပဲ ဖြစ်သည်။ မိမိသန္တာန်၌ ဤဉာဏ်တစ်လုံး ဖြစ်ပေါ်၍ ပွားများရင့်ကျက်လာအောင် ဝိပဿနာရှုခြင်းကို "အလယ်လမ်းမှန်သို့ လိုက်သည်" ဟု ဆိုရ၏။ မဂ္ဂင် ၈ ပါး ကျင့်စဉ်တရားမှာ ဤဉာဏ်တစ်လုံးဟာ ရှေ့သွား ခေါင်းဆောင်ပဲ ဖြစ်၏။ ဤဉာဏ်တစ်လုံး ရှေ့သွားခေါင်းဆောင် လုပ်လျှင် သစ္စာလေးပါး မသိမှု အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရ ချုပ်၏။ သင်္ခါရချုပ်လျှင် ဝိညာဉ်စသည်ပါ ပဋိစ္စသမုပ္ပါဒ် အစဉ်အတိုင်း ချုပ်သဖြင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့၏ ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ မျက်မှောက် ပြုရတော့သည်။

## ပရမတ် ပညတ်၊ မှန်နှစ်ရပ်၊ အတပ်သိအောင်ခွဲ

မြစ်ကမ်းစပ်၌ ငုတ်ရိုက်ကြိုးချည်ထားသော လှေကို ကြိုးမဖြုတ်ဘဲ လှော်ခတ်ပါက ရှေ့သို့ တစ်ထွာတစ်လံမျှ တိုးသွား



လိမ့်မည်မဟုတ်ပါ။ ဘာ့ကြောင့်လဲဆိုရင် ကြိုးချည်ထားလို့ပဲ ဖြစ်၏။ ဤအတူ ရှေးဦးစွာ အသိအားဖြင့် ဒိဋ္ဌိမဖြုတ်ဘဲ ဝိပဿနာ အားထုတ်ပါက ရှေ့သို့ သိသိသာသာ ဉာဏ်တိုးတက်လိမ့်မည် မဟုတ်ပါ။ ဘာ့ကြောင့်လဲဆိုရင် ဒိဋ္ဌိကြိုးက ဆွဲထားလို့ပဲ ဖြစ်၏။ ဒါ့ကြောင့်မို့ "ဝိပဿနာဖြစ်ပျက် မရှုပွားခင် ရှေးဦး ကြိုတင်၍ အသိအားဖြင့် ဒိဋ္ဌိဖြုတ်ထားရမည်" ဆိုတဲ့ အချက်ကို လေးနက်စွာ လိုက်နာ ကြိုးစားသင့်ကြပါသည်။

## မြူ ၅ မျိုး

(၁) သန်းတစ်ကောင်ကို ခုနစ်စိတ် စိတ်။ ၎င်းတစ်စိတ်ကို ကညစ်စာတစ်လုံးနှင့် ညီမျှ၍ "လိက္ခာမြူ" ဟု ခေါ်သည်။

(၂) ၎င်းလိက္ခာမြူတစ်လုံးကို သုံးဆယ့်ခြောက်စိတ် စိတ်။ ၎င်း တစ်စိတ်ကို လှည်းမောင်းတဲ့အခါ ထလာသည့် ဖုန်မှုန့် တစ်မှုန့်စာရှိ၍ "ရထရေဏုမြူ" ဟုခေါ်သည်။

(၃) ၎င်းရထရေဏုမြူတစ်မှုန့်ကို သုံးဆယ့်ခြောက်စိတ် စိတ်။ ၎င်းတစ်စိတ်ကို ဆောင်းအခါ ထရံပေါက်မှ ဝင်လာသော နေရောင်၌ မြင်ရသည့် မြူမှုန်တစ်မှုန့်စာ ရှိ၍ "တဇ္ဇာရီမြူ" ဟု ခေါ်သည်။

(၄) ၎င်းတဇ္ဇာရီမြူတစ်မှုန့်ကို သုံးဆယ့်ခြောက်စိတ် စိတ်။ ၎င်း တစ်စိတ်ကို အလွန်သေးငယ်၍ "အဏုမြူ" ဟု ခေါ်သည်။

(၅) ၎င်း အဏုမြူတစ်မှုန့်ကို သုံးဆယ်ခြောက်စိတ် စိတ်။ ၎င်းတစ်စိတ်ကို အလွန့်အလွန် သေးငယ်၍ "ပရမာဏုမြူ" ဟု ခေါ်သည်။

Generated by CamScanner from intsig.com

## လူရုပ်ကြီး လုပ်ပုံ

ဤပရမာဏုမြူကို ပကတိစက္ခုဖြင့် ကြည့်ရှု၍ မမြင်နိုင်။ ဤမျှ သေးငယ်လှသော ပရမာဏုမြူတစ်မှုန့်၌ "ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ" ဟူသော ရုပ်ရှစ်မျိုးဟာ မကွဲမပြား တစ်သားတည်း ရှိနေသည်။ ဤ၌ ထင်ရှားစေရန် မျက်စိဖြင့် မြင်ရသော ရထရေဏုမြူလောက် ရှိသည့် ဖန်ကြည်မှုန့် ငါးပြည်သားကို ဇလုံကြီးတစ်ခုတွင် ထည့်ထားပြီး သကြားရည် နှစ်ပြည် လောင်းထည့်လိုက်ပါ။ ထိုအခါ ဖန်ကြည်မှုန့်တွေ အကြားတိုင်း အကြားတိုင်းမှာ သကြားရည်မှုန့်တွေ တည်ရှိနေပုံ၊ သကြားရည်မှုန့်တွေ အကြားတိုင်းအကြားတိုင်းမှာ ဖန်ကြည်မှုန့်တွေ တည်ရှိနေပုံကို သေချာစွာ ရှုကြည့်လျှင် သိမြင်ရ၏။ နောက်ပြီး ဖန်ကြည်မှုန့်ကလည်း သကြားရည်အဖြစ် ပြောင်းမသွားပါ။ သကြားရည်ကလည်း ဖန်ကြည်မှုန့်အဖြစ် ပြောင်းမသွားပါ။ အဲဒီလို သဘောအားဖြင့် ခြားနားလျက် မျက်မြင်အားဖြင့် ပေါင်းစပ်နေသော်လည်း အမှုန့်တစ်ခုတစ်ခုစီရဲ့ အဆုံးအဆုံးတိုင်းမှာ "ကြားကွက်လပ် ကလေးတွေ" ရှိနေကြ၏။ ၎င်းကြားကွက်လပ်ကလေးတွေကို "အာကာသဓာတ်" ဟု ခေါ်သည်။ သို့ဖြစ်၍ ၎င်းဇလုံကြီးထဲမှာ "ပ-အာ-တေ-ဝါ-အာ" ဆိုတဲ့ ထင်ရှားသော ဓာတ်ငါးပါး ပေါင်းစုတည်ရှိနေသည်ဟု မှတ်ပါ။

ဤအမှုန့်နှစ်မျိုး ရောစပ်ထားတာကို သမသွားအောင် မွှေပြီးနယ်။ နယ်ပြီး ခပ်ပျော့ပျော့ ရှိနေသေးလျှင် ဖန့်သွားအောင် နေလှန်း။ နွံ့စေးလို အနေတော်ဖြစ်တော့မှ ခေါင်း၊ ခါး၊ ခြေ၊ လက် အင်္ဂါပြည့်စုံတဲ့ လူရုပ်ကြီး ဖြစ်ပေါ်လာအောင် လုပ်လိုက်ပါ။



## လူရုပ်ကြီး၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ

မေး။ ။ ၎င်းလူရုပ်ကြီးကို သာမန်အရပ်သားများအား "ဘာရုပ်ကြီးလဲ" ဟု မေးလျှင် ဘယ်လို ဖြေဆိုလိမ့်မည်နည်း။

ဖြေ။ ။ "လူရုပ်ကြီးပဲ" လို့ ဖြေဆိုကြပါလိမ့်မည်။

မေး။ ။ လူရုပ်ကြီးပဲလို့ ဖြေဆိုလျှင် ထိုသူတို့မှာ လူရုပ်ကြီးမှတစ်ပါး အခြားရှာလို့ ရကြပါသေး၏လော။

ဖြေ။ ။ လူရုပ်ကြီးမှတစ်ပါး အခြားရှာလို့ မရပါ။

မေး။ ။ အတွင်းရော အပြင်ရော ခြေ၊ လက်၊ ခေါင်း၊ ခါးတွေရော ဘာသာဖြစ်၍ နေပါသနည်း။

ဖြေ။ ။ လူရုပ်ကြီးသာ ဖြစ်၍ နေပါသည်။

ဤ၌ အတွင်းသား ဓာတ်ငါးပါးဖြစ်သော ဖန်ကြည်မှုန့်၊ သကြားရည်မှုန့်နှင့် လူရုပ်ကြီးနှင့် မကွဲမပြား တစ်သားတည်း "လူရုပ်ကြီးပဲ" ဟု ယူသောကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်သည်။

## အာကာသပေါက်၍ ဒိဋ္ဌိပြုတ်ပုံ

မေး။ ။ ၎င်းလူရုပ်ကြီးအတွင်း ဉာဏ်သွင်း၍ ကြည့်လိုက်စမ်းပါ။ လူရုပ်ကြီးနှင့် အပြည့်အပြည့် ဘာတွေသာ ရှိပါသနည်း။

ဖြေ။ ။ ဖန်ကြည်မှုန့်၊ သကြားရည်မှုန့်တွေသာ ရှိပါသည်။

မေး။ ။ အစဦးဆုံး အမှုန့်တစ်မှုန့်အဖြစ်နှင့် ရှိတုန်းကလည်း ဘာသာဖြစ်၍ နေပါသနည်း။

ဖြေ။ ။ ဖန်ကြည်မှုန့်၊ သကြားရည်မှုန့်သာ ဖြစ်၍နေပါသည်။

မေး။ ။ အမှုန့်တွေ ငါးပြည်သားလောက် ရှိလာပြန်တော့လည်း ဘာတွေသာ ဖြစ်၍ နေပါသနည်း။

ဖြေ။ ။ ဖန်ကြည်မှုန့်၊ သကြားမှုန့်တွေသာ ဖြစ်၍နေပါသည်။

မေး။ ။ လူကောင်ကြီးလောက် ရှိလာပြန်တော့လည်း ဘာတွေသာ ဖြစ်၍ နေပါသနည်း။

ဖြေ။ ။ ဖန်ကြည်မှုန့်၊ သကြားရည်မှုန့်တွေသာ ဖြစ်၍နေပါသည်။

မေး။ ။ ၎င်းလူရုပ်ကြီးနှင့် အပြည့်အပြည့်ဖြစ်သော ဖန်ကြည်မှုန့်၊ သကြားရည်မှုန့်တို့သည် အလုံးကြီး၊ အခဲကြီး၊ အတွဲကြီး၊ အပြားကြီး၊ အချောင်းကြီးတွေ ဟုတ်ပါမည်လော။ ဘာသာဟုတ်ပါသနည်း။

ဖြေ။ ။ အလုံးကြီး၊ အခဲကြီး စသည်မဟုတ်ပါ။ အသီးအသီး အာကာသဓာတ်တွေ ခြားနေကြသော ဖန်ကြည်မှုန့် သကြားရည်မှုန့်တွေသာ ဟုတ်ပါသည်။

မေး။ ။ ဖန်ကြည်မှုန့်၊ သကြားမှုန့်တို့သည် စင်စစ် ဘာတွေသာ ဟုတ်ပါသနည်း။

ဖြေ။ ။ စင်စစ်ဖန်ကြည်မှုန့်၊ သကြားရည်မှုန့်တို့သည် ပရမတ်ဓာတ်ကြီး လေးပါးသာ ဟုတ်ပါသည်။

ဤဒြဲအတွင်းသား အမှုန့်ပရမတ်ဓာတ်တွေနှင့် အကြားအကြား အာကာသဓာတ်တွေကို သိမြင်သဖြင့် "လူရုပ်ကြီး" ဆိုတာ သက်သက်အခေါ်အဝေါ် ပညတ်မျှပဲဟု သိသောကြောင့် သက္ကာယဒိဋ္ဌိ ပြုတ်သည်။

## ပညတ်တွေ ပေါ်လာပုံ

မေး။ ။ ၎င်းကိုယ်ကြီး ဦးခေါင်းကြီး၊ ခြေကြီး၊ လက်ကြီး၊ လူရုပ်ကြီး စသည်တို့သည် ဘာတွေကို စပ်မှ ဟပ်မှ ဖြစ်ပေါ်လာရပါသနည်း။။



ဖြေ။ ။ ဖန်ကြည်မှုန့်၊ သကြားရည်မှုန့် ပရမတ်ဓာတ်တွေ စပ်မှ ဟပ်မှ ဖြစ်ပေါ်၍လာရပါသည်။

မေး။ ။ ၎င်းပရမတ်ဓာတ်တွေ စပ်မှဟပ်မှ ဖြစ်ပေါ်လာတဲ့ လူရုပ်သဏ္ဌာန်ကြီး စသည်တို့သည် ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ။ ။ သဏ္ဌာနပညတ် ဖြစ်ပါသည်။

မေး။ ။ ၎င်းဓာတ် ပရမတ်တွေ စပ်မှဟပ်မှ ဖြစ်ပေါ်လာတဲ့ အပေါင်းစုကြီးသည် ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ။ ။ သမူဟပညတ် ဖြစ်ပါသည်။

မေး။ ။ ၎င်းဓာတ်ပရမတ်တွေ စပ်မှဟပ်မှ ဖြစ်ပေါ်လာတဲ့ အလုံးအခဲကြီးသည် ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ။ ။ ဃနပညတ် ဖြစ်ပါသည်။

မေး။ ။ ၎င်းဓာတ် ပရမတ်တွေ စပ်မှဟပ်မှ ဖြစ်ပေါ်လာတဲ့ လူရုပ်ကြီး စသည်ဟာ တစ်လ၊ နှစ်လ၊ တစ်နှစ်၊ နှစ်နှစ် စသည်ကာလတွေ တာရှည်လာအောင် အစဉ်အဆက် ဖြစ်ချက်သည် ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ။ ။ သန္တတိပညတ် ဖြစ်ပါသည်။

မေး။ ။ ကိုယ်၊ ခြေ၊ လက်၊ ဦးခေါင်း၊ လူရုပ်စသည် ခေါ်ဝေါ်တာက ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ။ ။ သဒ္ဒပညတ် ဖြစ်ပါသည်။

Generated by CamScanner from intsig.com

# သဒ္ဒပညတ် ၆ ပါး

(၁) အရှိပညတ် (၂) မရှိပညတ်
(၃) ရှိ – မရှိပညတ် (၄) မရှိ – ရှိပညတ်
(၅) ရှိ – အရှိပညတ် (၆) မရှိ – မရှိပညတ်

ဤပညတ် ၆ ပါး ခွဲရာ၌ ကိန်းသေမှတ်ရန်မှာ ပရမတ္ထသစ္စာအားဖြင့် ရှိသော တရားတို့ကို ပြောဆိုသော စကားဟူသမျှသည် (၁) အရှိပညတ်တွေချည်းပဲ ဖြစ်၏။ ပရမတ္ထသစ္စာ အားဖြင့် မရှိမူ၍ သမ္မုတိသစ္စာအားဖြင့်သာ ရှိသောဝတ္ထု ပုံသဏ္ဌာန် အစားစားတို့ကို ပြောဆိုသော စကားဟူသမျှသည် (၂) မရှိပညတ် တွေချည်းပဲ ဖြစ်၏။ နံပါတ် (၃၊ ၄၊ ၅၊ ၆) တို့မှာ ၎င်းပညတ် နှစ်ပါးကို ယှဉ်တွဲ၍ ပြောဆိုကြသော ပညတ်တွေပဲ ဖြစ်၏။ (အရှိမှန်နှင့် မရှိမှန် နှစ်မျိုးကို "သဘာဝသိမြင် မြတ်ကျင့်စဉ်" စာအုပ်ငယ်မှာ ရှုပါ)

(၁) "သိပ်မာတာပဲ။ တယ်နပါလား။ ဟာ စိုကုန်ပြီ။ အလွန်ပူတယ်။ ငြိမ်ကိုမငြိမ်ဘူး။"

ဤသို့ အစရှိသဖြင့် ပရမတ်သက်သက်ကို ပြောဆိုသော စကားတွေကို "အရှိပညတ်" ဟု မှတ်ပါ။

(၂) "ဒါကိုယ်ကြီးပဲ။ ဦးခေါင်းကြီးပဲ။ ဟာ လူရုပ် ကြီးပဲ။ ယောကျ်ားပါ။ မိန်းမပါ။ ငါရော, သူရော, မင်းရော။ လူ, နတ်ဗြဟ္မာတွေ။"

ဤသို့ အစရှိသဖြင့် ပညတ်သက်သက်ကို ပြောဆိုသော စကားတွေကို "မရှိပညတ်" ဟု မှတ်ပါ။



(၃) "သိပ်မာတဲ့ လူရုပ်ကြီးပဲ။ တယ်နတဲ့ ကိုယ်ကြီး ပါလား။ ဟာ စိုကုန်ပြီ အဝတ်တွေ။ အလွန်ပူတဲ့အကောင်ပဲ။ မငြိမ်တဲ့ ကလေးတွေ။"

ဤသို့ အစရှိသဖြင့် ပရမတ်နှင့် ပညတ်ကို ရော၍ ပြောဆိုသော စကားကို "ရှိ – မရှိပညတ်" ဟု မှတ်ပါ။

(၄) "လူရုပ်ကြီးဟာ သိပ်မာတယ်"

ဤသို့ အစရှိသဖြင့် ပညတ်နှင့်ပရမတ်ကို ရော၍ ပြောဆို သော စကားကို "မရှိ – ရှိပညတ်" ဟု မှတ်ပါ။

(၅) "မာတော့ မာပါရဲ့ ပူတယ်"

ဤသို့ အစရှိသဖြင့် ပရမတ်နှင့် ပရမတ်ကို တွဲ၍ ပြောဆိုသော စကားကို "ရှိ – အရှိပညတ်" ဟု မှတ်ပါ။

(၆) "လူရုပ်ကြီးနှယ် ရှည်လိုက်တာ"

ဤသို့ အစရှိသဖြင့် ပညတ်နှင့် ပညတ်ကို တွဲ၍ ပြောဆိုသော စကားကို "မရှိ – မရှိပညတ်" ဟု မှတ်ပါ။

## ဖြစ်ပျက်မှုနှင့် ပြောင်းလဲမှု

ခွက်တစ်ခုထဲ၌ ရေကို ထည့်၍ ဤခွက်ထဲ၌ရှိသော ဝတ္ထုကို ကုလားလို ဘာခေါ်ပါသနည်းဟု မေးလျှင် "ပါနီ" လို့ ခေါ်ပါသည်။ အင်္ဂလိပ်လို ဘာခေါ်ပါသနည်း။ "ဝါးတား" လို့ ခေါ်ပါသည်။ တရုတ်လို ဘာခေါ်ပါသနည်း။ "ရှွင်" လို့ ခေါ်ပါသည်။ ပုဏ္ဏားလို "အီးရှင်" လို့ ခေါ်ပါသည်။ ရှမ်းလို "လုန့်" လို့ ခေါ်ပါသည်။ ကချင်လို "ခ" လို့ ခေါ်ပါသည်။ မြန်မာလို "ရေ"

Generated by CamScanner from intsig.com

လို့ ခေါ်ပါသည်။ ပါဠိလို "ဥဒက" လို့ ခေါ်ပါသည်။ ဤလို အသီးသီးခေါ်ဆိုသော စကားစုသည် ဘယ်ဟာမှ ရေခွက်ထဲမှာ ရှိနေသည့် ရေဝတ္ထုအစစ် မဟုတ်ကြပါ။ ၎င်း ရေဝတ္ထုအစစ်ကို သိ, ကြား, နားလည်စေရန် ပြောဆိုကြသော အခေါ်အဝေါ် ပညတ် စကားတွေချည်းပဲ ဖြစ်ကြ၏။ ဤ၌ "ရေ" လို့ ခေါ်ဆိုရတဲ့ ပရမတ်မှာ ဥတုကြောင့် အအေးသဘောမှ အပူသဘောသို့ ပြောင်း၏။ အပူသဘောမှလည်း အအေးသဘောသို့ ပြောင်း၏။ စင်စစ် ဤလို ပရမတ်ပြောင်းမှုမှာ အအေးရုပ်တွေဖြစ်၍ ပျက်သွားပြီးမှ အပူရုပ်တွေ ဖြစ်ပေါ်လာတာမို့ "ဖြစ်ပျက်မှု" ပဲ အမှန်ဖြစ်၏။ "ရေ၊ ပါနီ၊ ဝါးတား" စသည်ဖြင့် လူမျိုးဘာသာအလိုက် ခေါ်ဝေါ် ပညတ်တာကတော့ အမျိုးမျိုး ပြောင်းလဲသည်။ ဤပညတ် အမျိုးမျိုး ပြောင်းလဲတာကတော့ ဖြစ်ပျက်မှု မဟုတ်ပါ။

ဥပမာတစ်နည်း ရွှံ့ဖြင့် ပြုလုပ်ပြီးကာစ နွားရုပ်ကလေးမှာ အညိုအဆင်းရှိသော်လည်း နေပူလှန်း၍ အတော်ကြာလျှင် အဖြူ အဆင်းရုပ်သို့ ပြောင်း၏။ တစ်ဖန် မီးဖုတ်လိုက်လျှင် အနီအဆင်း ရုပ်သို့ ပြောင်း၏။ တစ်ဖန် နှင်းတောထဲ တစ်ညလုံး ပစ်ထားလိုက် လျှင် အအေးရုပ်သို့ ပြောင်း၏။ တစ်ဖန် တစ်နေ့လုံး နေပူလှန်းထား ပြန်လျှင် အပူရုပ်သို့ ပြောင်းပြန်၏။ ဤနွားရုပ်ကလေး၏ အတွင်း သားပရမတ်ရုပ်ဓာတ်တွေ အမျိုးမျိုး ပြောင်းလဲဖြစ်ပျက် သော်ငြား လည်း နွားရုပ်ကလေး" ဆိုတဲ့ သဏ္ဌာနပညတ်၊ သဒ္ဒပညတ်တွေက တော့ မပြောင်းလဲကြပါ။ သို့ရာတွင် ၎င်းနွားရုပ် ကလေးကို ရေဖြင့် တစ်ဖန် နှူးနပ်ပြီး ချိုကလေးကို ထောင်လိုက်လျှင် "ချိုထောင်၊" ကားလိုက်လျှင် "ချိုကား၊" ကုပ်လိုက်လျှင် "ချိုကုပ်" ဟု အမျိုးမျိုး ပြုလုပ်သူလက်ထဲမှာ အခေါ်အဝေါ်တွေ ပြောင်းလဲသွားကြပြန်သည်။



ဤလိုဤပုံ ပရမတ်တွေကို အစွဲပြု၍ ပညတ် အမျိုးမျိုး ပေါ်လာကြ သော်ငြားလည်း ပရမတ်တွေထဲမှာ ပညတ်တွေ မပါမရှိကြပါ။ ပညတ်တွေထဲမှာ ပရမတ်တွေ မပါမရှိကြပါ။ ပရမတ်ဟာ တကယ့် သဘော အရှိတရားဖြစ်၍ ပညတ်က အပြောရှိ အမြင်ရှိ အထင်ရှိမျှ သာ ဖြစ်၏။ သို့သော် ပညတ်ကို မပစ်ပယ်ရပါ။ ပစ်ပယ်လျှင် အယူမှားဘေးကြီးသင့်၍ အပါယ်ဒယ်အိုးစာ ဖြစ်ရမည်မှာ သေချာ၏။

သို့ဖြစ်၍ ယောဂီပုဂ္ဂိုလ်သည် အတွင်းအပြင် ခန္ဓာတွေဆီသို့ ဉာဏ်စေလွှတ်ပြီး "သြော် သက်မဲ့ဝတ္ထုတွေမှာ "ပ၊ အာ၊ တေ၊ ဝါ၊ အာ" ဆိုတဲ့ ပရမတ်ဓာတ် ၅ မျိုး အပေါင်းအစုမျှပါပဲကလား။ အိုးအိမ်တိုက်တာ စသည်တွေဟာ ပညတ်မျှပဲကလား။ သက်ရှိသတ္တဝါ တွေမှာတော့ "သိမှု" ဆိုတဲ့ ဝိညာဏဓာတ်တစ်မျိုး တိုး၍ "ပ၊ အာ၊ တေ၊ ဝါ၊ အာ၊ ဝိ" ဟု ဤပရမတ်ဓာတ် (၆) ပါး အပေါင်း အစုမျှပါပဲကလား။ "အတ္တ၊ ကိုယ်၊ အသက်၊ ဝိညာဉ်၊ လိပ်ပြာ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ" စသည်တွေဟာ ပညတ်မျှပါ ပဲကလားဟု ဤလို ပရမတ် ပညတ်မှန်နှစ်ရပ်ကို အတပ်သိအောင် ခွဲနိုင်ပါက သက်မဲ့သက်ရှိတို့အပေါ်၌ သက္ကာယဒိဋ္ဌိ ပြုတ်တော့သည်။

## ဆက်မှား ပြွတ်မှား၊ ယူနှစ်ပါး
## ပယ်ရှားတတ်စေ မလွှဲ

"အတ္တစွမ်းရည်" ဆိုတာကို "ကြောင်းကျိုးသိမြင် မြတ်ကျင့်စဉ်" စာအုပ်ငယ်မှာ အကျဉ်းအားဖြင့် ပြထားပြီး ဖြစ်၏။ ဤမှာတော့ ၎င်းကို အနည်းငယ်စီ ချဲ့၍ ဖော်ပြပါဦးမည်။

Generated by CamScanner from intsig.com

(၁) ကာရကအတ္တ (အလုပ်သမားအတ္တ)

ပါဠိဘာသာဖြင့် "အတ္တ" ဟု ထင်ရှားသော ထိုအရာကို မြန်မာတို့က "အသက်၊ ဝိညာဉ်၊ လိပ်ပြာ" ဟု ခေါ်ကြသည်။ ၎င်း အတ္တစွဲလမ်းရာ အချက်များမှာ "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်" ဟု ခန္ဓာ ၅ ပါးပဲ ဖြစ်၏။ အစစ်အမှန် ထင်ရှားရှိသော ခန္ဓာ ငါးပါးကို အမှန်အတိုင်း မသိမမြင်ကြဘဲ အစစ်အမှန် ထင်ရှားရှိသော အရာမဟုတ်သည့် အတ္တအဖြစ် ဘယ်လိုများ ထင်မြင်စွဲလမ်းကြပါသလဲဆိုရင် -

မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ မွေးခြင်း ကိစ္စတွေကို အတ္တက ပြု၏။ မြန်မာတို့အလို အသက်၊ ဝိညာဉ်၊ လိပ်ပြာက မြင်သည်၊ ကြားသည်၊ နံသည်၊ မွေးသည်၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမတွေက မြင်သည်၊ ကြားသည်၊ နံသည်၊ မွေးသည်။ စကားပြောခြင်းအလုပ်ကို အတ္တကလုပ်၏။ (ဝါ) အသက်၊ ဝိညာဉ်၊ လိပ်ပြာ၊ ငါ၊ သူ စသည်တို့က စကားပြောသည်။ ဦးခေါင်း၊ ခြေ၊ လက်လှုပ်ခြင်း၊ သွားခြင်း၊ လာခြင်း ကိစ္စတွေကို အတ္တက ပြု၏။ (ဝါ) အသက်စသည်တို့က လှုပ်သည်၊ သွားသည်၊ လာသည်၊ ကုသိုလ်၊ အကုသိုလ်အမှုတွေကို "ဤအတ္တ" ဆိုတဲ့ အသက်၊ ဝိညာဉ်၊ လိပ်ပြာ စသည်တို့က ပြုခဲ့ကြ၏။ ပြုကြဆဲ၊ ပြုကြလတ္တံ့။ ဤလိုဤပုံ အတ္တကို အလုပ်သမားအဖြစ် ထင်မြင် စွဲလမ်းကြသည်။

(၂) ဝေဒကအတ္တ (ခံစားသမားအတ္တ)

ရှေးရှေးဘဝတွေက အတ္တပြုလုပ်ခဲ့တဲ့ ကံ၏ ကောင်းကျိုးဆိုးကျိုးတွေကို ဤဘဝ အတ္တက ခံစားစံစား၏။ ထမင်း၊ ဟင်းလျာ၊ အရသာအမျိုးမျိုးကို အတ္တက ခံစားသည်။ အနာရောဂါတွေကိုလည်း



အတ္တက ခံစားသည်။ စည်းစိမ်ချမ်းသာတွေကိုလည်း အတ္တက ခံစားသည်။ (ဝါ) အသက်၊ ဝိညာဉ်၊ လိပ်ပြာ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမတွေ ခံစားစံစားကြသည်။ ဤလိုဤပုံ အတ္တကို ခံစားသမား အဖြစ် ထင်မြင်စွဲလမ်းကြသည်။

(၃) သာမိအတ္တ (အရှင်သခင်အတ္တ)

"ဒီခန္ဓာအိမ် ဘယ်သူ့ခန္ဓာအိမ်လဲ" ဟု မေးလျှင် "ငါ့ခန္ဓာအိမ်" ဟု ပြောကြသည်။ "ငါ့ကိုယ်ကို ငါပိုင်တယ်" ဟု ဆိုကြသည်။ "ငါ့ဦးခေါင်း၊ ငါ့လက်၊ ငါ့ခြေ၊ ငါ့မျက်စိ၊ ငါ့နား" စသည်ဖြင့် ကိုယ်ခန္ဓာတစ်ခုလုံးကိုရော အစိတ်အစိတ်ဖြစ်သော အင်္ဂါခြေလက် စသည်တွေကိုပါ အတ္တက ပိုင်သည်။ ဒါတွေအားလုံး အတ္တ၏ ပစ္စည်းတွေချည်း ဖြစ်သည်။ အတ္တဟာ ကမ္ဘာလောကကြီးကို ဖန်ဆင်းတည်ထောင်သော အရှင်သခင် ဖြစ်သည်။ ဤလိုဤပုံ အတ္တကို အရှင်သခင်အဖြစ် ထင်မြင်စွဲလမ်းကြသည်။

(၄) နိဝါသီအတ္တ (အမြဲနေအတ္တ)

အတ္တသည် ခန္ဓာအိမ်၌ အမြဲနေ၏။ ဤခန္ဓာအိမ် ပျက်စီးသွားလျှင် အတ္တပြုထားသော ကံအားလျော်စွာ ခန္ဓာအိမ်သစ်တစ်ခု ရပြန်၏။ ဤလူခန္ဓာအိမ် ပျက်စီး၍ အကုသိုလ်ကံကြောင့် ငရဲခန္ဓာအိမ်၊ တိရစ္ဆာန်ခန္ဓာအိမ်၊ ပြိတ္တာခန္ဓာအိမ်တွေ ရပြန်လျှင်လည်း ၎င်းခန္ဓာအိမ်တွေထဲမှာ အတ္တ နေရပြန်သည်။ ကုသိုလ်ကံကြောင့် လူခန္ဓာအိမ်၊ နတ်ခန္ဓာအိမ်၊ ဗြဟ္မာခန္ဓာအိမ်တွေ ရပြန်လျှင်လည်း ၎င်းခန္ဓာအိမ်တွေထဲမှာ အတ္တနေရပြန်သည်။ ဤသို့ ကံအားလျော်စွာ ခန္ဓာအဟောင်းအဟောင်းတွေ ပျက်၍ပျက်၍ ခန္ဓာအသစ် အသစ်တွေ ပြောင်း၍ပြောင်း၍ သွားသော်ငြားလည်း "အတ္တ" ဆိုတဲ့ အသက်၊

Generated by CamScanner from intsig.com

ဝိညာဉ်၊ လိပ်ပြာ၊ ငါ စသည်ကတော့ တစ်မျိုးတစ်ခြား ပြောင်းမသွားဘဲ ခန္ဓာအိမ်တွေ အသစ်အသစ်လဲ၍ အမြဲတည်နေသည်။ မသေမပျောက် မပျက်စီးဘဲ အမြဲတည်နေသော အတ္တ ဖြစ်သည်။ ဤလိုဤပုံ အတ္တကို အမြဲနေအဖြစ် ထင်မြင်စွဲလမ်းကြသည်။

(၅) သယံဝသီအတ္တ (အလိုကျ စီမံပေးသမားအတ္တ)

ခန္ဓာအိမ်အမှုကိစ္စရှိသမျှ အတ္တက အကုန်လုံး စီမံပေးနေသည်။ အိမ်ရှင်က အိမ်မှုကိစ္စအားလုံး စီမံပြုပြင်သလိုပဲ ခန္ဓာအိမ်မကောင်းပြန်လျှင် ဆေးဝါးဓာတ်စာတွေနဲ့ ခန္ဓာအိမ်ကို အတ္တက စီမံပြုပြင်ပေးသည်။ ဤခန္ဓာ ခံစားရန်အတွက် ကာမဂုဏ်အာရုံတွေကို ရအောင် အတ္တက စီမံပြုပြင်ပေးနေသည်။ ဤလိုဤပုံ အတ္တကို ခန္ဓာအိမ်၏ အလိုကျ စီမံပေးသမားအဖြစ် ထင်မြင်စွဲလမ်းကြသည်။

ဤ "အတ္တစွမ်းရည်" ဆိုတဲ့ အချက်တွေဟာ အမှန်အားဖြင့် ကံ, ဉာဏ်, ဝီရိယနှင့် စိတ်၏ အစွမ်းဟူသမျှကို အတ္တ၏ သတ္တိချည်းဟု ထင်မြင်ယူဆလျက် အစစ်အမှန်မရှိသော အတ္တကိုပင် သတ္တိအမျိုးမျိုးရှိသော အတ္တဟု အမှုမ်းတင်ကာ စွဲလမ်းမှု မှားချက်တွေပဲ ဖြစ်ကြသည်။ မှန်၏။ ဣန္ဒကဆိုတဲ့ နတ်တစ်ယောက်က မြတ်စွာဘုရားထံ လာပြီး ဤသို့ လျှောက်သည်။

"မြတ်စွာဘုရား – ဘုရားအဆူဆူ ပွင့်တော်မူလာကြပြီဆိုရင် ဤရုပ်ခန္ဓာကြီးသည် အတ္တမဟုတ်ဘူး။ အသက်ကောင် ဝိညာဉ်ကောင်၊ လိပ်ပြာကောင် မဟုတ်ဘူး။ အနှစ်သာရ ဘာမှ မရှိဘူး။ အနိစ္စချည်းပဲလို့ ဟောတော်မူကြပါတယ်။ အမိဝမ်းထဲကျရင် အင်မတန်မာတဲ့ အစာဝတ္ထုတွေ တော်တော်တန်တန် အရိုးတွေဟာ ကျေညက်သွားရတယ်။



ဤရုပ်ခန္ဓာကြီးသည် အတ္တမဟုတ်လို့ရှိလျှင် အဲဒါလောက်ပူတဲ့ အမိဝမ်းထဲမှာ ကိုးလ၊ ဆယ်လ မကျေမပျက်ဘဲနဲ့ ဘယ်နှယ်လုပ်ပြီး တည်နေနိုင်ပါသလဲ"

ဤဣန္ဒကနတ်ဟာ "ရုပ်ကို ခိုင်မြဲသော အတ္တပဲ" ဟု အတ္တဒိဋ္ဌိအယူရှိ၍ ဤသို့ လျှောက်ခြင်း ဖြစ်၏။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလက်ထက်မှာပင် အရှင်သာတိရဟန်းကတော့ "စိတ်ကို တစ်ဘဝမှ တစ်ဘဝ ကူးပြောင်းလာသော ဝိညာဉ်အတ္တ" ဟု သဿတဒိဋ္ဌိအယူ စွဲလမ်းသည်။ တစ်ပါးသော ရဟန်းကတော့ "ခန္ဓာငါးပါးဟာ အနတ္တဆိုရင် ဒီအနတ္တဖြစ်သော ခန္ဓာငါးပါးက ပြုထားအပ်တဲ့ အကောင်းအဆိုး အမျိုးမျိုးသော ကံတွေသာလျှင် ဤဘဝမှ ဟိုဘက်ဘဝ လိုက်ပါတာမို့ ကံကိုပဲ အားကိုးရတော့မယ်" ဟု ကံပေါ်မှာ သဿတဒိဋ္ဌိအယူ ယူမှားသည်။ အရှင်ယမကရဟန်းကတော့ "ရဟန္တာသေရင် ပြတ်ပြီ၊ ဘာမှ မဖြစ်တော့ဘူး" ဟု ခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါ ရဟန္တာပဲ အတ္တဒိဋ္ဌိစွဲ၍ "သေရင် ပြတ်ပြီ" ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူရှိသည်။ "အတ္တသည် တစ်ဘဝ တစ်ခါ ဖြစ်၏။ တစ်ဘဝဆုံးလျှင် ထိုအတ္တလည်း ပြတ်၏" ဟု ဥစ္ဆေဒဒိဋ္ဌိအယူ ရှိကြသူများမှာ နောက်နောက်ဘဝ အသစ်အသစ် အတ္တတွေကို ဗြဟ္မာမင်းက ဖန်ဆင်းပေးသည်ဟု (တစ်နည်း) ဗြဟ္မာမင်း၏ ကိုယ်အစိတ်အပိုင်းမှ အတ္တသည် ပေါက်ပွားလာရကား သေလျှင် အတ္တသည် ဗြဟ္မာ့ကိုယ်သို့ ပြန်၍ ပေါင်းစပ်၏ဟု ယူဆကြသည်။ လိုရင်းအချုပ်မှာ "များစွာသော သတ္တဝါတွေဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ထုတ်ဖော်ဟောကြား ညွှန်ပြတော်မူထားသော အလယ်လမ်းမှန်ပေါ်သို့ ဖြောင့်ဖြောင့်တန်းတန်း မလျှောက်လှမ်းနိုင်သေးသမျှ ကာလပတ်လုံး "သဿတ ဒိဋ္ဌိတည်း

ဟူသော ဆက်မှားလမ်းနှင့် ဥစ္ဆေဒ ဒိဋ္ဌိတည်းဟူသော ပြတ်မှားလမ်း" မှာပင် မျက်စိကန်း လမ်းလျှောက်သလို အမှားမှား အချော်ချော် သွားမိလျက် ဒုက္ခမျိုးစုံ ကြုံကြရသည်ဟု မှတ်ပါ။

## ရှေးကံပေါ်မှာ ဒိဋ္ဌိဖြုတ်ပုံ

"ဒိဋ္ဌိတည်းဟူသော မီးပွားကလေး ရှိနေလျှင် သမ္မာဒိဋ္ဌိ မဖြစ်နိုင်သောကြောင့် မဂ်, ဖိုလ်မှ အချည်းအနှီး ဖြစ်ရ၏" ဟူ၍ ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး မိန့်တော်မူသည်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း "ရှေးဦးစွာ ဒိဋ္ဌိမခွာဘဲနဲ့ ဝိပဿနာအားထုတ်လို့ရှိယင် ကုသိုလ်သာရ၍ နိဗ္ဗာန် မရ" ဟု နေရာများစွာမှာ အထပ်ထပ် ဟောတော်မူသည်။ ကျေးဇူး တော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း အနာဂတ် သာသနာရေးကျမ်း၌ "ရုပ်နာမ်၌ အနိစ္စ ဒုက္ခ ထင်မြင်ပါ သော်လည်း အတ္တစွဲလမ်းချက် မကင်းဘဲ ရှိတတ်သေး၏။ အတ္တစွဲ ကျန်နေသေးလျှင် တရားပေါက်ပြီဟု ထင်သော်လည်း မပေါက်သေး ပါဟု သေချာစွာ ရေးသားမိန့်မှာတော်မူသည်။ ဒါ့ကြောင့်မို့ ဝိပဿနာအားမထုတ်မီ ရှေးဦးစွာ အတ္တအကြောင်း နားလည်၍ အနတ္တသိထားဖို့ (ဝါ) ဒိဋ္ဌိဖြုတ်ထားဖို့ဟာ အလွန်တရာ အချက် အချာကျကြောင်း ဤနေရာမှာ ထပ်မံ၍ တင်ပြရပါသည်။

ဒိဋ္ဌိဖြုတ်ရေးမှာ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို နားလည် သိမြင် ရပါမည်။ "အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် နာမ်ရုပ် ပေါ်" ဟု ဆောင်ပုဒ်လင်္ကာ လာရှိတဲ့အတိုင်း ဤလက်ရှိ ရုပ်နာမ် ခန္ဓာသည် ရှေးကံကြောင့် ဖြစ်ပေါ်လာရသည်။ သို့ဖြစ်၍ အတ္တကြောင့် ရုပ်နာမ်ခန္ဓာ ဖြစ်ပေါ်လာရတာမဟုတ်။ ဖြစ်ပေါ်လာသော ရုပ်နာမ်



ခန္ဓာသည်လည်း အတ္တမဟုတ်။ အကြောင်းထဲမှာရော အကျိုးထဲမှာပါ အတ္တမရှိဟု မှတ်ပါ။ ဒါ့ကြောင့် ဆောင်ပုဒ်လင်္ကာ၌ "ဗြဟ္မာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမူ၊ မဟုတ်ဟု၊ ဉာဏ်ဖြင့် ရှု၍မြော်" ဟု လာရှိသည်။

ဤတွင် "ကံကြောင့် နာမ်ရုပ်ပေါ်" ဆိုရာ၌ ကံသည် မျိုးစေ့နှင့် တူ၏။ နာမ်ရုပ်သည် အပင်နှင့် တူ၏။ "မျိုးစေ့ကြောင့် အပင်ပေါက်လာရာ၌ မျိုးစေ့သည် အပင်မဟုတ်၊ အပင်သည်လည်း မျိုးစေ့မဟုတ်။ သဘာဝအားဖြင့် တစ်မျိုးစီ ဖြစ်ကြ၏။ ဒါ့ကြောင့် မျိုးစေ့သည် အပင်ထဲသို့ လိုက်ပါမလာ။ သို့ရာတွင် မျိုးစေ့ အထည်အနေနဲ့ အပင်ထဲသို့ လိုက်ပါမလာသော်ငြားလည်း ၎င်း မျိုးစေ့၏ အစွမ်းသတ္တိကြောင့် အပင်ပေါက်လာရတာ ဖြစ်သည်။ ဤနည်းအတူ ရှေးကံတို့သည် ထိုထို သုစရိုက်၊ ဒုစရိုက်တွေကို ပြုလုပ်ကြစဉ် အခါကပင် "ဥပါဒ် ဌီ-ဘင်" ဟု ချုပ်ပျက်ခဲ့ကြပြီး ဖြစ်၏။ ဤဘဝသစ်သို့ ကေန်ပင် မလိုက်ပါနိုင်ကြပါ။ ဤကံမျှ သာမဟုတ်။ ရှေးဘဝက ရုပ်နာမ်ခန္ဓာတွေအားလုံးဟာ ဖြစ်ပြီး ပျက်ခဲ့ ကြပြီမို့ ဤဘဝသစ်သို့ တစ်စုံတစ်ခုမျှ လိုက်ပါမလာနိုင်ကြပါ။ ဒီလိုဆို "သတ္တဝါသေလျှင် ပြတ်၏" လို့ ယူရမှာလား၊ သို့မဟုတ် "အကြောင်းမရှိဘဲ ဖြစ်ချင်သလို ဖြစ်နေကြသည်" လို့ ယူရမှာလား၊ ဤလိုလည်း မယူရပါ။

အမှန်မှာ ရှေးဘဝက ကံတို့သည် ချုပ်ပျက်သွားကြငြား သော်လည်း အကြောင်းသင့် အခွင့်သာတဲ့အခါ အကျိုးကို ဖြစ်စေနိုင် သော ထိုကံတို့၏ သတ္တိတွေကိုတော့ သတ္တဝါတို့၏ သန္တာန်အစဉ်မှာ မြှုပ်နှံထားရစ်ခဲ့ကြသည်။ ထိုကံ၏ သတ္တိကြောင့် (ဝါ) ရှေးဘဝက

Generated by CamScanner from intsig.com

ကံအရှိန် ကံအစွမ်းကြောင့် ဤဘဝ၌ အလားတူ ရုပ်နာမ်ခန္ဓာသစ် ဖြစ်ပေါ်ရသည်ဟု ယူပါ။ ကံကအကြောင်း၊ ရုပ်နာမ်ခန္ဓာက အကျိုးဖြစ်၍ သဘာဝအားဖြင့် တစ်မျိုးတစ်ခြားစီပဲ။ သို့သော်လည်း အကြောင်းအကျိုးအားဖြင့် ဆက်စပ်နေကြသည်။ ဒါကြောင့်မို့ "ရှေးရှေးကံတွေဟာ နောက်နောက်ဘဝခန္ဓာသို့ အထည်အနေနဲ့ မလိုက်၊ သတ္တိသာ လိုက်သည်" ဟု မှတ်ပါ။ ဤကြောင်းကျိုး ဆက်လက်ပုံကို ဉာဏ်မရှင်းဘဲ "ကံလိုက်သည်" ဟု ယူလျှင် ဆက်မှား (သဿတဒိဋ္ဌိ) ဖြစ်၏။ "ကံအကြောင်း ပြတ်သည်" ဟု ယူပြန်လျှင် ပြတ်မှား (ဥစ္ဆေဒဒိဋ္ဌိ) ဖြစ်၏။

ဤနေရာ၌ "ကံ၏ သတ္တိ" ဆိုတာကို သေချာစွာ စဉ်းစားကြည့်ပါ။ ဥပမာ ရန်ကုန်မြို့ရှိ ရုပ်မြင်သံကြားစက်ရုံမှ ထုတ်လွှင့်လိုက်သော ရုပ်သံတို့ကို အခြားတစ်နေရာရှိ ရုပ်သံဖမ်းစက်က ဖမ်းယူထားပြီး ထပ်ဆင့်၍ အဝေးနေရာများစွာသို့ ထိုစက်မှပင် ရုပ်သံတို့ကို ပို့လွှင့်၍ တီဗွီစက်မျက်နှာပြင်မှာ ရုပ်သံတွေ ပေါ်လာစေရာ၌ သိပ္ပံပညာရှင်များ တီထွင်ဖန်တီးထားသော ရုပ်ဝတ္ထုတို့၏ အစွမ်းသတ္တိတွေပဲ ဖြစ်ကြ၏။ ဤနည်းအတူ ရှေးရှေးဘဝကံတို့သည် ကံပြုလုပ်စဉ်မှာပင် ချုပ်ပျက်သွားကြငြားသော်လည်း ၎င်းကံ၏ ကျန်ရစ်သော သတ္တိတို့ကို တဏှာက သူ့သန္တာန်မှာ ဖမ်းယူသိမ်းဆည်းထားပြီး ထပ်ဆင့်၍ ဘဝတစ်ခုတစ်ခု၏ အဆုံးအဆုံး စုတိအချိန်မှာ အလျဉ်းသင့်သော ကံ၏ သတ္တိတစ်ခုတစ်ခုကို ပို့လွှတ်၍ နောက်ဘဝသစ်မှာ အလားတူ ရုပ်နာမ်ခန္ဓာတွေကို ဖြစ်ပေါ်လာစေ၏။ ဤနေရာမှာ "ရုပ်ဝတ္ထုတို့ထက် ထူးခြားစွာ ပိုမိုဆန်းကြယ်ထက်မြက်သော နာမ်တရားတို့၏ အစွမ်းသတ္တိပဲ" ဆိုတာကို လေးနက်စွာ မှတ်သားယုံကြည်သင့်ကြ၏။ နိယာမ ၅ မျိုးတွင် ဤအချက်ကို "ကမ္မ



နိယာမ" ဟု ကျမ်းဂန်တို့၌ လာရှိသည်။ ဒါကြောင့်မို့ "အပင်မှ မျိုး၊ မျိုးမှအပင်၊ အမျှင် မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်" ဟု ဆောင်ပုဒ်လင်္ကာ လာရှိသည့်အတိုင်း သံသရာ လည်နေတာသည် အတ္တကလေး မဟုတ်။ (ဝါ) ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ သံသရာ ကျင်လည်နေကြတာ မဟုတ်။ ရုပ်, နာမ်တရားတို့သာလျှင် ဖြစ်ပျက်ဖြစ်ပျက်နဲ့ အကြောင်းအကျိုး ဆက်လက်တန်းစီ၍ ကျင်လည်နေကြတာ ဖြစ်သည်။ ဤကဲ့သို့ အတိတ်ကံနှင့် ယခုပစ္စုပ္ပန်ခန္ဓာတို့၏ ကြောင်းကျိုး ဆက်လက်ဖြစ်ပေါ်ပုံကို အသိဉာဏ်ရှင်းလျှင် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြီဟု မှတ်ပါ။

## ပစ္စုပ္ပန်ခန္ဓာပေါ်မှာ ဒိဋ္ဌိဖြုတ်ပုံ ဇယား

| "မျက်စိအကြည်နဲ့ အဆင်း" ဤ ၂ ကြောင်း တိုက်ဆိုင်မှုကြောင့် "မြင်စိတ်" ပေါ်သည် | | |
|---|---|---|
| ၁။ မြင်တယ် (မြင်စိတ်) | မြင်တယ် (မြင်စိတ်) | မြင်တယ် (မြင်စိတ်) |
| ၂။ သဘောကျတယ် (သုခဝေဒနာ) | သဘောမကျဘူး (ဒုက္ခဝေဒနာ) | အမှတ်မထားမိဘူး (ဥပေက္ခာဝေဒနာ) |
| ၃။ လိုချင်တယ် (တဏှာ) | မုန်းတယ် (ဒေါသ) | မြင်စိတ်မှန်းမသိဘူး (မောဟ = အဝိဇ္ဇာ) |
| ၄။ စွဲလမ်းတယ် (ဥပါဒါန်) | သစ္စာမသိဘူး (မောဟ = အဝိဇ္ဇာ) | ပြုပြင်တယ် (သင်္ခါရ) |
| ၅။ အားထုတ်တယ် (ကမ္မဘဝ) | ပြုပြင်တယ် (သင်္ခါရ) | |

**မှတ်ချက်။** ။ ဒေါသနောက် သောက စသည် တစ်ခုပြီးတစ်ခု ဆက်တာလည်း ရှိ၏။ မဆက်တာလည်း ရှိ၏။ ဤ၌ ဇယားကွက်ဖြစ်၍ အကျဉ်းပြသည်။ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ကိုယ်စိတ်၊ တွေးစိတ်တို့လည်း ဤနည်းတူသာ။

ဤ၌ "မြင်တယ် (မြင်စိတ်)" ဆိုတာသည် ပစ္စုပ္ပန်ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်၏ အစ ဖြစ်သည်။ "အတ္တ" ဆိုတဲ့ "အသက်၊ ဝိညာဉ်၊ လိပ်ပြာ၊ ပုဂ္ဂိုလ်၊ သတ္တဝါက မြင်တာမဟုတ်။ အကြောင်း ၂ ပါး တိုက်ဆိုင်မှုကြောင့် မျက်စိအကြည်ထဲမှာ ပေါ်တဲ့ မြင်စိတ်က



မြင်တာပဲ၊ မြင်စိတ်ကလေး ပေါ်တာပဲ" ဟု သိမြင်လျှင် သက္ကာယဒိဋ္ဌိ ပြုတ်၏။ မြင်စိတ်ကလေးပေါ်ပြီး ပျောက်သွားတာကို သိမြင်လျှင် သဿတဒိဋ္ဌိ ပြုတ်၏။ မြင်စိတ်ကလေးသည် ပေါ်၍ ပျောက်သွားသော်ငြားလည်း ဟဒယပေါ်မှာ "သဘောကျတယ်" ဆိုတဲ့ သုခဝေဒနာကို အစားထိုးဖြစ်ခွင့် ပေးခဲ့၏။ (ဝါ) မြင်စိတ်၏ ကျေးဇူးပြုချက်ကြောင့် သုခဝေဒနာ ဖြစ်ပေါ်လာရသည်။ ဤလိုဤပုံ မြင်စိတ်ပျက်သွားသော်လည်း ပြတ်သွားတာမဟုတ်၊ ဝေဒနာဖြစ်ပေါ်အောင် အကြောင်းဆက်ခဲ့ပုံကို သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်၏။ ဤနည်းတူပင် (၁) ဖြစ်၍ ပျက်ပြီးမှ အကြောင်းဆက်၍ (၂) ဖြစ်ပေါ်သည်။ (၂) ဖြစ်၍ ပျက်ပြီးမှ (၃) ဖြစ်ပေါ်သည်။ (၃) ဖြစ်၍ ပျက်ပြီးမှ (၄) ဖြစ်ပေါ်သည်။ (၄) ဖြစ်၍ ပျက်ပြီးမှ (၅) ဖြစ်ပေါ်သည်။ ဒါ့ကြောင့်မို့ "ဖြစ်ပျက်ကို မြင်အောင်ကြည့်၊ အကြောင်း ဆက်ပုံကို သိအောင်လုပ်၊ ဒီအချက် ဉာဏ်ရှင်းမှ ဒိဋ္ဌိသုံးပါး ပြုတ်သည်။ ဒီဒိဋ္ဌိသုံးပါး ပြုတ်လျှင် ကျန်တဲ့ ဒိဋ္ဌိ အားလုံးလည်း သုတ်သင်ပြီးဖြစ်တော့သည်။ (ဥပမာများကို "ကြောင်းကျိုးသိမြင် မြတ်ကျင့်စဉ်" စာအုပ်ငယ်မှာ ရှုပါ။)

## အဖြစ်အပျက်၊ ဤနှစ်ချက် ဆက်ဆက်မြင်အောင်ခဲ

ဝိပဿနာမရှုခင် ရှေ့ပိုင်းမှာ ခန္ဓာဉာဏ်ရောက် အသိအားဖြင့် ဒိဋ္ဌိသုံးပါး ရှင်းလင်းဖြုတ်ချခဲ့ပြီးသည့်နောက် ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှုကို ဖြိုင်ဖြိုင်ကြီး မြင်လာအောင် ရှုပွားရပါမည်။ သို့ရာတွင် ခန္ဓာငါးပါးလုံးကို ရှုနိုင်မှ မဂ်ကိစ္စ ပြီးမည်မဟုတ်ပါ။

Generated by CamScanner from intsig.com

ခန္ဓာငါးပါးတွင် တစ်ပါးပါးကို ပိုင်နိုင်စွာ ရှုနိုင်လျှင်လည်း မဂ်ကိစ္စပြီးပါသည်။ ဘာကိုထောက်၍ သိရပါသလဲဆိုရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ခန္ဓာငါးပါးကို စရိုက်အားလျော်စွာ သတိပဋ္ဌာန်လေးပါးဖြင့် ဝေဖန်၍ မိမိစရိုက်နှင့် လျော်တဲ့ တစ်ခုသော သတိပဋ္ဌာန်ကို ရှုပွားအားထုတ်ရန် ဟောတော်မူခဲ့ပါသည်။ ဟောတော်မူသည့်အတိုင်း ခန္ဓာငါးပါးတွင် တစ်ပါးပါးကို (ဝါ) သတိပဋ္ဌာန်လေးပါးတွင် တစ်ပါးပါးကို ဖြစ်ပျက်မြင်အောင် ရှုပွားအားထုတ်ရာတွင် တွဲဖက်ဖြစ်ကြသော ကျန်ခန္ဓာတွေလည်း ဖြစ်ပျက်ထဲ ပါဝင်ကြပြီးသား ဖြစ်၏။ ဥပမာ–ကမ်းစပ်ရေထဲတွင် လျှော်စည်း တစ်စည်းမြုပ်နေရာ တစ်ခုသော လျှော်စဟာ ရေပေါ် ပေါ်ထွက်နေ၏။ ၎င်းလျှော်စည်းကို အလိုရှိသူသည် ထိုရေပေါ် ပေါ်ထွက်နေသော လျှော်စကို ဆွဲယူလိုက်လျှင် လျှော်တစ်စည်းလုံး ပါလာရသကဲ့သို့ မှတ်ပါ။ ဤအချက်ဟာ ယောဂီပုဂ္ဂိုလ်တို့ရဲ့ ရှုဉာဏ် အတော်ဝါရင့်လာလျှင် အထူး ထင်ရှားပေါ်လွင်လာတော့သည်။

## သတိပဋ္ဌာန် ၄ ပါး

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်။
(ကာယ=ရူပက္ခန္ဓာ ဖြစ်မှုပျက်မှုကို၊ သတိပဋ္ဌာန်=သတိပြဋ္ဌာန်းလျက်၊ အနုပဿနာ=ပညာဖြင့် အဖန်ဖန် ရှုခြင်း။)

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်။
(ဝေဒနာက္ခန္ဓာ ဖြစ်မှုပျက်မှုကို သတိပြဋ္ဌာန်းလျက်၊ ပညာဖြင့် အဖန်ဖန် ရှုခြင်း။)



(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်။
(ဝိညာဏက္ခန္ဓာ ဖြစ်မှုပျက်မှုကို သတိပြဋ္ဌာန်းလျက်၊ ပညာဖြင့် အဖန်ဖန် ရှုခြင်း။)

(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်။
(ဓမ္မ=သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့်တကွ ခန္ဓာငါးပါး ဖြစ်မှုပျက်မှုကို သတိပြဋ္ဌာန်းလျက် ပညာဖြင့် ဖန်ဖန်ရှုခြင်း။)

## အရှုခံနှင့် ရှုဉာဏ်

"ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ" ဤ ၄ ပါးတို့သည် အရှုခံတရားများ ဖြစ်ကြ၏။ "အနုပဿနာ" ဆိုတာ ပညာဖြစ်၍ "သတိပဋ္ဌာန်" ဆိုတာက သတိပဲ ဖြစ်၏။ "အရှုခံတရား ၄ ပါးကို သတိထား၍ ပညာဖြင့် ရှုရမည်" ဟု သိစေရန် "ကာယာနုပဿနာ သတိပဋ္ဌာန်" စသည်ဖြင့် ဟောတော်မူထားသည်။ သို့သော်လည်း ရှုဉာဏ်ဘက်တွင် ပညာနှင့် တွဲဖက်ဖြစ်တဲ့ သမ္မာသင်္ကပ္ပ, သတိနှင့် တွဲဖက်ဖြစ်တဲ့ ဝီရိယ သမာဓိတို့ပါ ပါဝင်ပြီးသား မှတ်ပါ။ မြင်စရာမရှိဘဲနဲ့ "မြင်တယ်" ဆိုတာ မဖြစ်နိုင်သလို အရှုခံမပါဘဲနဲ့ ရှုဉာဏ် မပေါ်နိုင်ပါ။ အရှုခံတရားအပေါ် နှလုံးသွင်းမှန်ခြင်းကြောင့် ရှုဉာဏ် ပေါ်လာရတာဖြစ်၍ ရှုဉာဏ်လည်း အရှုခံလို သင်္ခါရတရားပဲမို့ ဖြစ်ပြီးလျှင် ပျက်သည်။ ဒါ့ကြောင့်မို့ "သင်္ခါရတရားတွေကို သင်္ခါရတရားတွေက ဝိပဿနာ ရှုကြ၏" ဟု မှတ်ပါ။

Generated by CamScanner from intsig.com

# ရှေ့မဂ်နှင့် နောက်မဂ်

ဝိပဿနာမဂ်သည် ရှေ့မဂ်ဖြစ်၏။ လောကုတ္တရာမဂ်သည် နောက်မဂ် ဖြစ်၏။ ရှေ့မဂ်က ပညာအမဂ္ဂင် (၂) ပါးနှင့် သမာဓိမဂ္ဂင် (၃) ပါး ပေါင်း (၅) ပါး ဖြစ်သည်။ နောက်မဂ်ကျမှ သီလမဂ္ဂင် (၃) ပါး ပြိုင်ဝင်လာသောကြောင့် (၈) ပါး ပြည့်စုံသည်။ ဤအချက်ကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက –

"မဂ္ဂင်ဆိုတာ ရှစ်ပါးရှိတယ်မဟုတ်လားတဲ့၊ အဲဒီလို စာဒက တက်ကြတယ်။ အိုး– ရှစ်ပါးရှိပေမယ့် ရှစ်ပါးလုံး အလုပ် လုပ်ကြတာ မဟုတ်ဘူး။ နိဗ္ဗာန်ရဖို့ အလုပ်လုပ်တာက ဒီငါးပါးပဲ။ အဲဒါကြောင့် ဒီငါးပါးကို အဋ္ဌကထာဆရာများက "ကာရကမဂ္ဂင်" လို့တောင် နာမည်ပေးကြတယ်။ အေး ဒီကာရကမဂ္ဂင် ငါးပါးနဲ့ ရှုကြရပါမယ်။ နောက်တစ်နည်းအားဖြင့်တော့လည်း တရားရှုခါစ ပုထုဇဉ်များ သန္တာန်မှာ ဒီငါးပါးပဲ ကိန်းနိုင်ပါတယ်။ မဂ္ဂင်ရှစ်ပါးလုံး မကိန်းနိုင်ပါဘူး။ အဲဒါကြောင့် မဂ္ဂင်ရှစ်ပါး ရှိပေမယ့် ရှစ်ပါးလုံးနဲ့ မရှုရ၊ ဒီငါးပါးနဲ့ပဲ ရှုကြရပါမယ်" ဟု သေသေချာချာ မိန့်တော်မူထားပါသည်။

ယောဂီပုဂ္ဂိုလ်တို့ ကိန်းသေ သိထားရမည့် အရေးကြီးဆုံး အချက်မှာ "အရှုခံ မပါဘဲနဲ့ ရှုဉာဏ် မပေါ်နိုင်သလို ရှေ့မဂ်မလာဘဲနဲ့ နောက်မဂ်မပေါ်နိုင်" ဆိုတဲ့ အချက်ပဲ ဖြစ်၏။ (ရှုဉာဏ်နဲ့ ရှေ့မဂ်အတူတူ) "ဖြစ်ပျက်ဒုက္ခသစ္စာ မရှုပွားဘဲနဲ့ သောတာပတ္တိမဂ် မကျနိုင်ပါ။ အရဏ်မတက်ဘဲနဲ့ နေမထွက်နိုင်ပါ" ဟူလို။



# စရိုက်နှင့် သတိပဋ္ဌာန်

(၁) ဉာဏ်နုံ့ပြီး တဏှာစရိုက် ရှိသူသည် ကာယာနုပဿနာ သတိပဋ္ဌာန်ကို အားထုတ်ပါ။

(၂) ဉာဏ်ထက်ပြီး တဏှာစရိုက်ရှိသူသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ကြိုးစားပါ။

(၃) ဉာဏ်နုံ့ပြီး ဒိဋ္ဌိစရိုက်ရှိသူသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ရှုမှတ်ပါ။

(၄) ဉာဏ်ထက်ပြီး ဒိဋ္ဌိစရိုက်ရှိသူသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပွားများပါ။

ငါးပါးအာရုံ ကာမဂုဏ်တွေကို လိုချင်စွဲမက် နှစ်သက်အားကြီး သူသည် တဏှာစရိုက်ရှိသူ ဖြစ်၏။ အသက်ကောင်၊ ဝိဉာဉ်ကောင်၊ လိပ်ပြာကောင် ရှိတယ်လို့ အယူရှိပြီး ဘုံဘဝထဲမှာ ပျော်မွေ့အား ကြီးသူသည် ဒိဋ္ဌိစရိုက်ရှိသူ ဖြစ်၏။ ဉာဏ်နုံ့ဉာဏ်ထက်မှာ ဤလောကဖြင့် ထင်ရှားပါသည်။ တကယ်တော့ "သတ္တဝါတစ်ယောက် ၏ ဉာဏ်ခြေရင့်၊ မရင့် ဘယ်စရိုက် ရှိ၊ မရှိကို အကုန်သိနိုင်တဲ့ ဉာဏ်" ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတစ်ပါးသာ ရရှိတော်မူပါသည်။ "ပညာအရာမှာ ဘုရားရှင်အောက် သူတစ်ယောက်" ဟု တံခွန်ဆောက်တော်မူသော တရားစစ်သေနာပတိကြီးအရှင်သာရိပုတြာတောင် ပန်းထိမ်သည်သားအား ကမ္မဋ္ဌာန်းပေး မှားဖူး၏။ သို့ဖြစ်၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက –

“ဝိပဿနာ ရှုတဲ့အခါကျလို့ရှိရင် အမြင်မှန်ဟာ ကိုယ့်စရိုက်နဲ့ တော်တဲ့ဟာကျတော့ မြန်မြန်ပေါ်လာတယ်။ အမြင်မှန်ဟာ ဘယ်ဟာတုန်းလို့ မေးတဲ့အခါကျတော့ ဝေဒနာရှုပြန်ယင် ဝေဒနာမတွေ့ဘဲနဲ့ ဝေဒနာတို့၏ ဖြစ်မှုပျက်မှု တွေ့ရမယ်။ စိတ်ရှုပြန်လဲ စိတ်ကို ပဓာန ထားပြီး မတွေ့ဘဲနဲ့ စိတ်၏ ဖြစ်မှုပျက်မှု တွေ့ရမယ်။ ရုပ်အရှုခိုင်းပြန်လဲ ဖြစ်မှုပျက်မှုသာ ထင်ပါတယ် ဆိုတော့ “ဖြစ်မှုပျက်မှုထင်ရင် ကိုယ့်စရိုက်နဲ့ကိုက်တဲ့ တရားလို့ မှတ်လိုက်ပါ” ဟု -

မိမိစရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်းရွေးနည်းကို ကောင်းစွာ ပေးတော်မူခဲ့ပါသည်။ ဒါ့ကြောင့်မို့ ယောဂီပုဂ္ဂိုလ်ဟာ ပထမပိုင်းမှာ ဒိဋ္ဌိသုံးပါး ဖြုတ်ပြီးသည့်နောက် မိမိသဘောကျတဲ့ တစ်ခုခုသော သတိပဋ္ဌာန်ကို ကြိုးစားအားထုတ်ကြည့်ပါ။ ရုပ်ရှုလို့ ရုပ်ဖြစ်ပျက်တွေ မြန်မြန်ထင်လာရင် များများမြင်လာရင် “ငါဟာ ကာယာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းနဲ့ တော်တာပဲ” ဟု ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချနိုင်၏။ ထို့အတူ စိတ်ကို ကြိုးစား ရှုကြည့်ပါ။ ဝေဒနာကို ကြိုးစား ရှုကြည့်ပါ။ မိမိဉာဏ်နဲ့ ဖြစ်ပျက်တွေ ထင်လွယ် မြင်လွယ်သော သတိပဋ္ဌာန်တစ်ခုကိုသာ သဲသဲမဲမဲ ကြိုးစား အားထုတ်ပါ။ တစ်ခုကောင်း လုပ်မှသာလျှင် ပိုမိုထိရောက်၍ လွယ်ကူလျင်မြန်စွာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ပေါက်နိုင်ပါသည်။



# ဖြစ်ပျက်မြင်ပုံ အမျိုးစုံ

ယောဂီပုဂ္ဂိုလ်တို့သည် မိမိခန္ဓာ၌ ဉာဏ်စိုက်၍ ကြည့်သောအခါ ရုပ် (ဖောက်ပြန်မှုသဘော) နှင့် နာမ် (အာရုံကို ညွတ်သိမှုသဘော) ကို ပိုင်နိုင်စွာ ခန္ဓာဉာဏ်တွေ့ သိမြင်၏။ သဘောပေါက်၏။ ဤလို ရုပ်နာမ်ကို သိမြင်သဘောပေါက်လျှင် “(၁) နာမရူပပရိစ္ဆေဒဉာဏ် ပိုင်ပြီ” ဟု မှတ်ပါ။ ထို့နောက် ၎င်း ရုပ်နာမ်ခန္ဓာတို့၏ အကြောင်းအကျိုး ဆက်လက်ဖြစ်ပျက်ပုံတွေကို သိမြင်သဘောပေါက်လျှင် “(၂) ပစ္စယပရိဂ္ဂဟဉာဏ် ပိုင်ပြီ” ဟု မှတ်ပါ။ ဤနှစ်ဉာဏ်ကို ကြားသိမှတ်သိမျှ မဟုတ်ဘဲ ခန္ဓာဉာဏ်ရောက် သိမြင်သဘောပေါက်လျှင် အပေါ်ပိုင်းက ဒိဋ္ဌိ၊ တောထ နေတာတွေ ရှင်းလင်းပြီး ဖြစ်တော့သည်။ ဤလို ရုပ်နာမ်နှင့် ရုပ်နာမ်တို့၏ ကြောင်းကျိုးဆက်လက် ဖြစ်ပျက်ပုံတွေကို ယခု ပစ္စုပ္ပန်ကာလမှာ သိမြင်ရသဖြင့် “သြော် - အတိတ်ကာလတုန်းကလည်း ဒီလိုပဲ။ မိမိ ရုပ်နာမ် တရားတွေသာလျှင် ဖြစ်ခဲ့၍ တစ်စမကျန် ပျက်ခဲ့ကြပါပြီကော။ ပစ္စုပ္ပန်ကာလမှာလည်း ယခုလို ဖြစ်ပြီး ပျက်နေတာပဲ။ အနာဂတ်ကာလမှာလည်း ဤအတိုင်းဖြစ်၍ ပျက်ရချည်သေးရဲ့။ အို - တန်တော့ တန်တော့ ဒီဖြစ်၍ ပျက်နေတာတွေဟာ အနိစ္စ - မမြဲတဲ့ တရားတွေပါကလား။ ဒုက္ခ - ဆင်းရဲတဲ့တရား တွေပါကလား။ အနတ္တ - အတ္တမဟုတ်၊ အတ္တမရှိတဲ့ တရားတွေပါ ကလား” ဟူ၍ အဖန်ဖန်ဆင်ခြင်သုံးသပ်လျှင် “(၃) သမ္မသန ဉာဏ် ပိုင်ပြီ” ဟု မှတ်ပါ။

ဤသုံးဉာဏ် ပိုင်နိုင်ပြီးသည့်နောက် ယောဂီပုဂ္ဂိုလ်သည် (၄) ဥဒယဗ္ဗယဉာဏ် ပိုင်နိုင်အောင် ကြိမ်ဖန်များစွာ မနေမနား

Generated by CamScanner from intsig.com

ကြိုးစားရလိမ့်မည်။ (ဝါ) ဖြစ်ပျက်တွေ မြင်အောင် ရှုရလိမ့်မည်။ ဖြစ်ပျက်မြင်တဲ့ဉာဏ်တွေ တိုးတက်လာအောင် ပွားရလိမ့်မည်။ ကြိုးစား၍ ရှုပွားရလိမ့်မည်။ သို့ဖြစ်၍ ယခုအခါ "ဖြစ်ပျက်ဆိုတာ ဘယ်ဟာလဲ၊ ဘယ်လိုလဲ" ဆိုတာကို သိသာအောင် ပြပါတော့မည်။

ရုပ်ဖြစ်ပျက်ကို မြင်သောအခါ ရေမြှုပ်စိုင်ကြီးကို ကြည့်နေရသလိုလည်း ရှိ၏။ ဘယ်လိုလဲဆိုရင် မြစ်ကမ်းစပ်ရှိ ရေမြှုပ်စိုင်ကြီးကို သေသေချာချာကြည့်ပါက ရေမြှုပ်ငယ်ကလေးတွေ တစ်ဖြုတ်ဖြုတ် ပျက်ပျက်သွားနေတာကို မြင်ရသလို ရေစီးကြောင်းနဲ့ အတူပါလာသော ရေမြှုပ်ငယ်ကလေးတွေကလည်း ၎င်းရေမြှုပ်စိုင်ကြီးတွင် လာရောက်၍ လာရောက်၍ ပူးကပ်ကြကာ ထပ်ဖြည့်ပေးနေကြတာကို တွေ့ရ၏။ ဤနည်းအတူ ရုပ်ခန္ဓာတွေဟာ တဖြုတ်ဖြုတ် တလှုပ်လှုပ် တရွရွ၊ တမွမွ ပျက်ပျက်နေကြ၏။ ပျက်တိုင်း ပျက်တိုင်းလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်း တွေကြောင့် ရုပ်အသစ်အသစ်တွေလည်း ဖြစ်၍, ဖြစ်၍ နေ၏။ ဖြစ်တိုင်း ဖြစ်တိုင်းလည်း ပျက်ကြရ ပျောက်ကြရပြန်၏။ တစ်ခါတစ်ရံ ဦးခေါင်းပိုင်း တစ်နေရာရာမှာ မိုးသေးမိုးမွှားလေးတွေ မှန်သလိုလည်း တွေ့ရတတ်၏။ ဦးခေါင်းဆီမှနေ၍ အောက်ပိုင်းသို့ သဲကမ်းပါးကြီး ဖွားကနဲ ပြိုကျသလို၊ အောက်ပိုင်းဆီမှလည်း အထက်ပိုင်းသို့ လျှပ်စစ် တဖျပ်ဖျတ် ပြက်၍ တက်သလိုလည်း တွေ့ရတတ်၏။ တစ်ခါ တစ်ရံ ရေလှိုင်းလုံး၊ လေလှိုင်းလုံးကြီးတွေ အပိုင်းပိုင်း ပြိုကွဲသွားသလို၊ အထက်အောက် ကန့်လန့်အားဖြင့် ရှေ့တိုးနောက်ဆုတ် လွန်းထိုးနေသလို၊ တစ်ခုခုကို ရှုံ့ချည်, ပွချည်၊ ဖွင့်လိုက်, ပိတ်လိုက် လုပ်နေသလို၊ ရင်နှစ်ခြမ်းကွဲ၍ လက်ခုပ်နှစ်ဘက် မှန်မှန် တီးနေသလိုလည်း တွေ့ရတတ်၏။ ရင်ချိုင့်ဆီ၊ ငယ်ထိပ်ဆီတို့မှာ ရေမပြည့်တဲ့အိုး ဘောင်ဘင်



ခတ်နေသလို၊ ချာလပတ်လည်နေသော စက်ဝန်းလိုလည်း တွေ့ရတတ်၏။ မြစ်ရေတွေ စီးနေသလို၊ တိမ်တိုက်တွေ ရွေ့လျားနေသလို၊ ပိုးရွ ခြပုန်းတွေ တန်းစီ သွားနေသလိုလည်း တွေ့ရတတ်၏။ ငယ်ထိပ်ဆီမှာ ဘီလပ်ရည်ပုလင်းကို ဖွင့်လိုက်တဲ့အခါ ဖွားကနဲဖြစ်ပြီး ပြန့်တက်သွားသလို၊ ခေါင်းထဲက မီးပန်းတွေ ပန်းထွက်နေသလိုလည်း တွေ့ရတတ်၏။ ဦးခေါင်းကြီးဟာ ဗြုန်းဆို ဖွားကနဲ ရှက်အိုးလောက် ကြီးသလို ဖြစ်ပြီး ပျက်သွားတာတွေ၊ ခန္ဓာကိုယ်တစ်ခုလုံးဟာ တစ်ဖြေးဖြေး ရှုံ့၍, ရှုံ့၍ သေးငယ်သွားလိုက်, တဖြည်းဖြည်း ပွ၍, ပွ၍ ကြီးထွားလာလိုက် ဖြစ်ပျက်နေတာတွေ၊ တစ်ခါတစ်ရံ လေပူပေါင်းကြီး အိပက်အိပက်နဲ့ နေသလိုလည်း တွေ့ရတတ်၏။ ဤခန္ဓာကိုယ်ကြီးထဲ နေရာများစွာမှာ တစ်ဖွားဖွား၊ တစ်ဖြန်းဖြန်း၊ တဖျပ်ဖျတ်၊ တဆတ်ဆတ်၊ တဒိတ်ဒိတ်၊ တလှုပ်လှုပ်၊ တရွရွ၊ တဖွဖွ၊ တသိမ့်သိမ့်၊ တရှိန်ရှိန်နဲ့ ပင်ကိုယ်သဘောကို စွန့်စွန့်သွားတဲ့ အမူအရာတွေ၊ အဟောင်းအသစ် ပြောင်းပြောင်းသွားတဲ့ သဘောတွေ အမျိုးမျိုး တွေ့ရတတ်၏။ ယောဂီပုဂ္ဂိုလ် အားလျော်စွာ ကိုယ်တွေ့ပုံနှင့် သူတွေ့ပုံ မတူတာတွေလည်း ရှိကြပါသည်။ ဤဖြစ်ပျက် မြင်ပုံ ပြရာ၌ ပညတ်စကားလုံးတွေ ဥပမာအမျိုးမျိုးတွေနှင့် ပြလိုက်တာဟာ နားလည်လွယ်စေချင်လို့ ဖြစ်ပါသည်။ အမှန်မှာ "ရုပ်ဖြစ်ပျက်" ဆိုတာ ဓာတ်ကြီးလေးပါး သဘာဝတရားတွေ၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာမှု, ပျောက်ပျက်သွားမှုပဲ ဖြစ်၏။ ဓာတ်ကြီးလေးပါးတွင်လည်း ဝါယောဓာတ်တစ်ခုတည်း၏ ဖြစ်ပျက်ကို အမြင်ပိုင်ဖို့က ပို၍ အရေးကြီး၏။ ဒါ့အပြင် "ရုပ်နာမ် တရားတို့မည်သည် ဖြစ်ပေါ်ရာအရပ်မှ အခြားနေရာသို့ ဆံပင် တစ်ဖျားစာမျှ ပြောင်းရွှေ့ခြင်းမရှိ" ဟု ကျမ်းဂန်လာတဲ့အတိုင်း

"ဒီနေရာတွင်ဖြစ်၍ ဒီနေရာတွင် ပျက်သည်" ဆိုတဲ့ အချက်ကိုလည်း သဘောကျအောင် စေ့စေ့ငုငု သေချာစွာ ကြည့်ရှုရ၏။ ဥပမာ မီးခြစ်ဆံလောက်ရှိတဲ့ ယမ်းနီတောင့်၊ ယမ်းဝါတောင့်၊ ယမ်းပြာတောင့်၊ ယမ်းစိမ်းတောင့်၊ ယမ်းမည်းတောင့်ကလေးတွေကို ထိပ်ချင်းတေ့၍ တန်းစီထားပြီး ဒီထိပ်ဆုံးက ယမ်းနီတောင့်ကို မီးရှို့လိုက်ပါ။ ထိုအခါ ယမ်းနီတောင့်မှ စ၍ တရှဲရှဲ မီးတောက်ပြီး ၎င်းမီးတောက်သည် ဟိုဘက်ထိပ်ဆုံးက ယမ်းမည်းတောင့်ကို တောက်လောင်ပြီးမှ ငြိမ်းမည်ဖြစ်၏။ မငြိမ်းခင် ၎င်းမီးတောက်ကို ကြည့်ရှုသောသူသည် "ဒီမီးတောက်ဟာ ဒီဘက်အစမှ လောင်၍ သွားလိုက်တာ ဟိုဘက်အဆုံးရောက်ကရော" ဟု သူ့မျက်မြင်အရ ပြောပေလိမ့်မည်။ သို့သော်လည်း ၎င်းမီးတောက်သည် အကယ်စင်စစ် သူပြောသလို ဒီဘက်မှ ဟိုဘက်သို့. သွားရောက်သည် မဟုတ်ပါ။ ပထမဆုံး ယမ်းနီတောင့်ကို လောင်သောမီးသည် ဒီနေရာတွင် လောင်၍ ဒီနေရာတွင် ငြိမ်း၏။ ငြိမ်းသော်လည်း သူ၏ သတ္တိကြောင့် ယမ်းဝါတောင့်မှာ မီးတောက်ပေါ်လာပြီး ပျောက်ပြန်သည်။ ဒီနေရာတွင် ပေါ်၍ ဒီနေရာတွင် ပျောက်ခြင်း ဖြစ်သည်။ ဤနည်းအတိုင်း ပထမဆုံး မီးတောက်မှ အကြောင်းသတ္တိ ဆက်၍ ဆက်၍ နောက်ဆုံး မီးတောက် ဖြစ်ပေါ်ပြီး ငြိမ်းပျောက်သွားခြင်းသာလျှင် ဖြစ်၏။ မီးတောက်က ရွေ့ပြောင်းသွားရောက်သည် မဟုတ်ပါ။ ထို့အတူ ရုပ်နာမ်တရားတွေလည်း ဒီနေရာတွင်ဖြစ်၍ ဒီနေရာတွင် ပျက်ကြပုံကို သဘောကျအောင် စေ့ငုသေချာစွာ ကြည့်ရှုပါ။ ကြည့်ဖန်များ၍ အသိဉာဏ် ရင့်ကျက်ထက်မြက်လာလျှင် ဒီနေရာတွင် ဖြစ်၍ ဒီနေရာတွင် ပျက်သည်ကို တိခနဲ ပြက်ခနဲ ရှင်းလင်းသေချာစွာ ကိုယ်တွေ့ဉာဏ်မြင် ဖြစ်ပါလိမ့်မည်။



ဝေဒနာ ဖြစ်ပျက်ကို ရှုသောအခါ ရေပြင်ပေါ်မှာ မိုးပေါက်ကလေးတွေကျတော့ ရေပွက်ကလေးတွေ ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားတာကို မြင်ရသလိုလည်း ရှိ၏။ အောက်ပိုင်း ခြေသလုံး ဒူးကွေးနေရာ စသည်တို့မှာ နာမှု ကျဉ်မှု အောင့်မှု အစရှိတဲ့ ဒုက္ခဝေဒနာတွေဟာ အစတော့ အနည်းငယ်သာ နာသည်၊ ကျဉ်သည်၊ အောင့်သည်။ အလယ်လောက်ကျတော့ ခုနင်ကထက် ပို၍ နာလာသည်။ ကျဉ်လာသည်။ အောင့်လာသည်။ နောက်ဆုံးမှာ မခံနိုင်လောက်အောင် တအားနာလာသည်။ ကျဉ်လာသည်။ အောင့်လာသည်။ အစကနဦး ဉာဏ်နုသေးသော ယောဂီပုဂ္ဂိုလ်ဟာ ဤလို အစမှာ အနည်းငယ် နာကျင်အောင့်မှု ဒုက္ခဝေဒနာကို ကြည့်၍ "ဪ ဒီအနည်းငယ် ဒုက္ခဝေဒနာလေးမပေါ်ခင်က ရှိနေတဲ့ မနာမကျင်မအောင့်ဘဲ သက်သာမှုသုခဝေဒနာ အခုမရှိတော့ဘူး၊ ပျက်သွားပြီ" ဟူ၍ လည်းကောင်း၊ အလယ်မှာ ပို၍ နာကျင်အောင့်မှု ဒုက္ခဝေဒနာ ပေါ်လာလျှင် "ဪ ခုနင်က အနည်းငယ် နာကျင်အောင့်မှု ဒုက္ခဝေဒနာ မရှိတော့ဘူး ပျက်ပြီ" ဟူ၍လည်းကောင်း၊ နောက်ဆုံးမှာ တအား နာကျင်အောင့်မှု ဒုက္ခဝေဒနာ ပေါ်လာလျှင်- "ဪ ခုနင်က ပို၍ နာကျင်အောင့်မှု ဒုက္ခဝေဒနာ မရှိတော့ဘူး ပျက်ပြီ" ဟူ၍လည်းကောင်း နောက်တစ်ခု ဖြစ်ပေါ်လာတာကိုမြင်လျှင် ရှေ့တစ်ခုက ပျက်ပြီးသားဆိုတာကို ဉာဏ်တွေ့ သဘောကျအောင် ရှုကြည့်ရပါမည်။ အခါများစွာ ဒုက္ခဝေဒနာသည် တိုးလိုက်လျော့လိုက် ဖြစ်ပျက်နေတာကို တွေ့ရတတ်၏။ တိုးနာမှု ဖြစ်ပေါ်လာလျှင် လျော့နာမှု ပျောက်ပြီ။ လျော့နာမှု ပေါ်လာလျှင် တိုးနာမှု ပျောက်ပြီ" ဟု ရှုမှတ်ပါ။ တစ်ခါတစ်ရံ ခန္ဓာကိုယ် တစ်နေရာရာမှာ စူးနင့်ထိုးလိုက်သလို၊ စုတ်နှင့် ပေါက်လိုက်သလို စူးခနဲ မျက်ခနဲ ဒုက္ခ

ဝေဒနာ ပေါ်တတ်၏။ အဲဒီလို တစ်ချက်တည်း ဖြစ်စေ၊ တစ်ချက်ချင်း ဆက်၍ ဆက်၍ဖြစ်စေ ပေါ်လာတဲ့ ဒုက္ခဝေဒနာ ဖြစ်မှုပျက်မှုမှာ ထင်ရှားပြတ်သားသည်။ တစ်ခါတစ်ရံ တစ်ကိုယ်လုံးမှာ ဖြစ်စေ၊ တစ်နေရာမှာဖြစ်စေ ပုရွက်ဆိတ်တွေ ဝိုင်းပြီး ကိုက်နေသလိုလည်း တွေ့ရတတ်၏။ အဲဒီအခါ သေးငယ်၍ များပြားသော ဒုက္ခဝေဒနာ ကလေးတွေကို ဖြစ်ပျက်ထင်အောင် သေချာစွာ ရှုပွားပါ။ တစ်ခါ တစ်ရံ နာမှု မျှင်မျှင်ကလေး ဖြစ်ပေါ်နေရာမှ ဖျတ်ခနဲ ပျက်၍ ခန္ဓာကိုယ်ကြီးသည် အလွန်ပေါ့ပါးပြီး ပီတိအဟုန်နှင့်တကွ ချမ်းသာစွာ ချာချာလည်၍ နေသလိုလည်း တွေ့ရတတ်၏။ ဒုက္ခဝေဒနာ ပျက်၍ သုခဝေဒနာတွေ ပေါ်လာတာပဲ ဖြစ်သည်။ တရားရှုမှတ်ရင်း ရင်ထဲက ဝမ်းမြောက်ဝမ်းသာမှု, အေးမြငြိမ်းချမ်းမှုတွေဟာ သုခဝေဒနာတွေပဲ ဖြစ်သည်။ အမှန်မှာ "ဝေဒနာ" ဆိုတာ နာမ်တရားပဲ ဖြစ်၍ ရုပ်တရားပေါ်မှာ အမှီပြုရသောကြောင့် ရုပ်ပျက်လျှင် ဝေဒနာလည်း ပျက်ရသည်။ ခန္ဓာကိုယ်ထဲမှာ ပေါ်တဲ့ လှုပ်ရုပ်က ခံသာလျှင် သုခဝေဒနာ၊ မခံသာလျှင် ဒုက္ခဝေဒနာ ဖြစ်၏။ လှုပ်ရုပ် ပျက်လျှင် သုခ, ဒုက္ခဝေဒနာလည်း ပျက်ရတော့၏။ ဥပမာ ဆီနှင့် မီးစာကို စွဲ၍ ဖြစ်ရသော မီးတောက်သည် ဆီနှင့် မီးစာကုန်လျှင် ငြိမ်းပျောက်ရသကဲ့သို့ မှတ်ပါ။ နာမ်တရားတို့မည်သည် နှစ်ခု ယှဉ်ပြိုင်၍ မဖြစ်ကောင်းသောကြောင့် ဒီနေရာမှာ ဝေဒနာ ပေါ်တယ်လို့ စိတ်ကရှုလိုက်လျှင် ရှေ့က ဝေဒနာဟာ ပျက်ပြီးသား ဖြစ်၏။ ဘာ့ကြောင့်လဲဆိုရင် ဝေဒနာနာမ်ပျက်ပြီးမှ ရှုစိတ်နာမ် ပေါ်နိုင်သော ကြောင့်ပဲ ဖြစ်၏။ ဒါ့ကြောင့် ဝေဒနာဖြစ်ပျက် ရှုရာ၌ ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ပါးဝလာသောအခါ ဝေဒနာဘက် ဉာဏ်လှည့်လိုက်တယ် ဆိုရင် ဝေဒနာကို မတွေ့တော့ဘဲဝေဒနာ၏ အပျက်ကိုသာ (ဝါ)



ဝေဒနာရှိရာက မရှိတာကိုသာ သဘောကျစွာ မြင်ရပါလိမ့်မည်။ (ဥပေက္ခာဝေဒနာရှုပုံကို "သဘာဝသိမြင် မြတ်ကျင့်စဉ်" စာအုပ် ငယ်မှာ ရှုပါ။)

အထူးမှတ်ချက်။ ။ ဒုက္ခဝေဒနာကို အစွမ်းကုန် သည်းခံ၍ ဉာဏ်က ဦးစီးမိအောင် ရှုမှတ်ပါ။

ထိုသို့ ရှုမှတ်လျှင် ဒုက္ခဝေဒနာဟာ အဆုံးစွန်တက်ပြီး ပြန်၍ လျှော့ကျပြေပျောက်သွားတတ်၏။ ဒါမျိုးကို အချို့က "ဝေဒနာ ကျော်သည်" ဟု ဆိုကြ၏။ ဝေဒနာကျော်တာမဟုတ်ပါ။ ဝေဒနာ ပြောင်းသွားတာ ဖြစ်သည်။ ဝေဒနာဟာ အနတ္တတရားမို့ အမြဲတမ်း ကိုယ်ဖြစ်ချင်သလို မဖြစ်နိုင်ပါ။ မခံသာလွန်းလျှင် ပြင်ချင် ပြောင်းချင်စိတ်ကို ဖြစ်ပျက်ရှုပြီး ဣရိယာပုထ် ပြင်နိုင် ပြောင်းနိုင် ပါသည်။

စိတ်သည်ကား မျက်လှည့်များလို နန္ဒင်းခဲကို ရွှေခဲထင်အောင် အမှားကို အမှန်လုပ်ပြတတ်သောအရာ ဖြစ်၏။ စိတ်သည် "ယောကျ်ား၊ မိန်းမ" ဟု မြင်၏။ "ချောသည်လှသည်" ဟု ထင်၏။ "ချမ်းသာသည် ကောင်းစားသည်" ဟု မြင်၏။ "ငါ၊ ငါ့ဟာ" ဟု ထင်၏။ ဤအမြင်မှား အထင်မှားစိတ်တွေ ပေါ်လာလျှင် သတိနှင့် ဖမ်းပြီး ဝီရိယစိုက်၍ ဉာဏ်နှင့် ရှုလိုက်ပါ။ နွယ်ကြိုးကို ဓားထက်ထက်နှင့် ခုတ်ဖြတ်လိုက်သလို ရှေ့က မကောင်းစိတ်တွေ တိခနဲ ပြတ်သွား ပျက်သွားတာကို တွေ့ရ၏။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယား၊ နာ၊ ကောင်းစိတ်၊ တွေးတော ကြံစည်စိတ် ၆ မျိုးတို့တွင် ပေါ်ရာ ပေါ်ရာစိတ်ကို ရှုရမှာပဲ ဖြစ်၏။ ဤစိတ်သည် လည်း ဝေဒနာကဲ့သို့ နာမ်တရားပဲမို့ နောက်က ရှုစိတ် ဝင်လိုက်လျှင်

Generated by CamScanner from intsig.com

ရှေ့က ဖြစ်စိတ်မှာ ပျက်ပြီးသားဟု မှတ်ပါ။ အထူးအားဖြင့် အမြန်တရားပေါက်လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ထိုင်၍ ရှုမှတ်ရာတွင် ယား၊ နာ၊ ကောင်းစိတ်နှင့် တွေးတော ကြံစည်စိတ်တို့၏ ဖြစ်ပျက်ကို ပိုင်နိုင်ဖို့သာလျှင် အလွန်အရေးကြီးသည်ဟု သေချာစွာ မှတ်ကြပါ။ ယား၊ နာ၊ ကောင်းစိတ်ဟာ ကိုယ်အကြည်မှာ ပေါ်သည်။ တွေးတော ကြံစည်စိတ်ဟာ ဟဒယဝတ္ထုပေါ်မှာ ပေါ်သည်။ ဤစိတ်နှစ်မျိုး ဒီနေရာတွင် ဖြစ်၍ ဒီနေရာတွင် ပျက်သည်ဆိုတာကို ပိုင်နိုင်စွာ သိမြင်သဘောကျစေရပါမည်။ ဤခန္ဓာကိုယ် အတွင်းအပြင်တို့မှာ လှုပ်ရုပ်ထိရုပ် ခံသာလျှင် ကောင်းစိတ် ဖြစ်၏။ လှုပ်ရုပ် ထိရုပ် မခံသာလျှင် ယားစိတ်၊ နာစိတ် ဖြစ်၏။ ဆိုလိုရင်းမှာ လှုပ်ရုပ်ထိရုပ် ပေါ်ရာ၌ ခံသာသော အသိကို "ကောင်းစိတ်" မခံသာသော အသိကို "ယားစိတ်၊ နာစိတ်" ဟု မှတ်ပါ။ ဤကာယပေါက်နှင့် မနောပေါက်က စိတ် ၂ မျိုး ဖြစ်ပျက်မှုကို ပိုင်နိုင်လျှင် သွားလာလှုပ်ရှားနေသော အချိန်တို့တွင် အများဆုံး ဖြစ်ပေါ်တတ်သော မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် ဖြစ်ပျက်တွေကိုလည်း လွယ်ကူစွာ သဘောပေါက် သိမြင်သွားတော့သည်။

ယောဂီပုဂ္ဂိုလ်ဟာ မကောင်းသော လိုချင်စိတ်[၁]၊ မုန်းတီးစိတ်[၂]၊ မသိစိတ်[၃] တို့အပြင် ကောင်းသော လှူဒါန်းချင်စိတ်[၄]၊ မေတ္တာစိတ်[၅] စသည်တွေကိုလည်း ဖြစ်ပျက်ရှုရမှာပဲ ဖြစ်သည်။ ပုထုဇဉ်သန္တာန်မှာ ပေါ်သော ပုထုဇဉ်စိတ်ဟူသမျှ ပေါ်ရာမိရာ အကုန် ရှုနိုင်တာပဲ မှတ်ပါ။ ဖြစ်ပျက်ရှုသော ရှေ့မဂ်စိတ်ကိုလည်း နောက် မဂ်စိတ်ဖြင့် ပြန်၍ ရှုရပါမည်။ အပ်ဖျားပေါ်တွင် မုန်ညင်းစေ့ ကလေးတစ်ခု တင်လိုက်လျှင် ဖျတ်ခနဲ ကျသကဲ့သို့ စိတ်တို့၏ ဖြစ်ပျက်မှုဟာ လျင်မြန်တာကို တွေ့ရ၏။ အော်တိုမီးပွင့်ကလေးတွေ



အတန်းလိုက် တစ်ပွင့်ပြီး တစ်ပွင့်, လင်းချည် မှိတ်ချည်နေတာလို စိတ်တို့သည်လည်း တစ်စိတ်ပြီး တစ်စိတ် ဖြစ်ချည်ပျက်ချည်နှင့် တန်းစဉ်၍ နေကြ၏။ ယောဂီပုဂ္ဂိုလ်သည် ဤပြခဲ့ပြီး စိတ် ၁၁ မျိုး တွင် တစ်ခုခုကို မရှုမိဘဲနေပါက ရှုစိတ်၊ ရိုက်စိတ်ဘက်ကို လှည့်၍ "ရှုစိတ်ပျက်ပြီ၊ ရိုက်စိတ် ပျက်ပြီ" ဟု မှန်မှန် ရှုနေရ၏။ ဤလို မှန်မှန်ရှုနေရင်းမှ ထင်ရှားသော အခြားစိတ်တွေ ပေါ်လာပြန်လျှင် ထိုစိတ်တွေကို ဖြစ်ပျက် ရှုရပြန်သည်။ အခြားရှုစရာစိတ်တွေ မပေါ်ပြန်လျှင် ၎င်း ရှုစိတ်ရိုက်စိတ်ကို ပြန်၍ မှန်မှန် ရှုနေရပြန် သည်။ ဥပမာ ပင့်ကူအိမ်၏ အလယ်မှာနေသော ပင့်ကူကြီးဟာ အရှေ့ဘက် ကြိုးမျှင်မှာ ယင်ကောင်တိုးလျှင် လျင်မြန်စွာ ပြေးသွား၍ ထိုယင်ကောင်ကို ဖမ်းစား၏။ ဖမ်းစားပြီးလျှင် သူ့အိမ်၏ အလယ်မှာ ပြန်ထိုင်ကာ နေ၏။ မကြာခင် တောင်ဘက်ကြိုးမျှင်မှာ ယင် တစ်ကောင် တိုးပြန်လျှင် ပြေး၍ ဖမ်းစား၏။ ပြီးလျှင် အလယ်မှာ ပြန်ထိုင်၏။ ဤနည်းအတူ ယောဂီပုဂ္ဂိုလ်သည် ရင်ချိုင့်အတွင်း ဟဒယဝတ္ထုပေါ်မှာ ပေါ်သော ရှုစိတ် ရိုက်စိတ် ဖြစ်ပျက်ပေါ်၌ ရှုဉာဏ်ဖြင့် မှန်မှန် ထိုင်နေရမည်။ ထိုင်နေရင်းမှ အခြားစိတ်တွေ ပေါ်လာလျှင် ပေါ်ရာ စိတ်ကို လိုက်၍ ဖြစ်ပျက်ရှုရမည်။ အခြားရှုစရာ စိတ်တွေ မပေါ်လာလျှင် နှာသီးဖျား၌ ဝင်သိဖြစ်ပျက် ထွက်သိ ဖြစ်ပျက်ပေါ်မှာလည်း အာရုံရသလို ဉာဏ်ထိုင်နိုင်ကြပါသည်။

အထူးသိစေလိုချက်။ ။ယောဂီပုဂ္ဂိုလ်တို့မှာ ရှုဉာဏ် နုနေ သေးလျှင်သော်လည်းကောင်း၊ ရှုဉာဏ် ပင် အတော်ရင့်သော်လည်း ဉာဏ်ချင်း အရှိန်ကောင်းစွာ မဆက် မိလျှင်သော်လည်းကောင်း ကိုယ်၊ လက်၊ ခေါင်း၊ ခါး အစရှိတဲ့

ပုံသဏ္ဌာန်ပညတ်တွေကို အခါများစွာ အာရုံပြုမိတတ်၏။ ထိုအခါ ပညတ်တွေကို "ငါ, ငါဟာ" သာ မထင်ပါစေနှင့်။ "ငါ, ငါ့ဟာ မထင်လျှင် တရား၏ အနှောက်အယှက် မဖြစ်ပါ။ ဉာဏ်အတော်ရင့်၍ အရှိန်ကောင်းစွာ ဆက်မိသွားသောအခါ ၎င်းပညတ်တွေကို အာရုံ မပြုမိတော့ဘဲ ဖြစ်ပျက်ပရမတ်ပေါ်မှာသာ အချိန်ကြာမြင့်စွာ တည်နေပါလိမ့်မည်။

ဥဒယဗ္ဗယဉာဏ် ရင့်သန်၍ ဖြစ်ပျက်တွေ မြန်မြန်စိပ်စိပ် များများမြင်လာလျှင် အဖြစ်ကို မြင်တယ်မထင်တော့ဘဲ အပျက်တွေချည်းသာ မြင်တော့တာကို "(၅) ဘင်္ဂဉာဏ်" ဟု ဆိုရသည်။ ဤဝေဒနာက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဖြစ်ပျက်တိုင်းမှာ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့လည်း အတူတကွ ယှဉ်တွဲ၍ ပါဝင်ပြီးသားပဲ မှတ်ပါ။ သို့ဖြစ်၍ ခန္ဓာငါးပါးတွင် တစ်ပါးပါးကို "ခန္ဓာဖြစ်၍ ခန္ဓာပျက်တာပဲ။ ခန္ဓာဆိုတာ စင်စစ် ဒုက္ခမျှသာပဲ။ ဒုက္ခဟာ ဤမျှသာပဲ။ ဤထက်ကြီးသော ဒုက္ခမရှိတော့ဘူး" စသည်ဖြင့် ဒုက္ခသစ္စာ ထင်မြင်အောင် နှလုံးသွင်းရှုပွားလျှင် "ခန္ဓာနုပဿနာ" ဖြစ်၏။ ဖြစ်ပျက်တွေ မြန်မြန်စိပ်စိပ် များများမြင်လျှင် ခန္ဓာနုပဿနာ အတော်ပိုင်လာပြီ ဖြစ်၍ ကိုယ့်ကို သတ်တော့မည့် သူသတ်သမားပမာ ဖြစ်ပျက်တွေကို မြင်လိုက်ရလျှင် ဉာဏ်က ကြောက်လာတတ်သည်။ ဒါကို ယောဂီပုဂ္ဂိုလ်က "ဘာဖြစ်ပါလိမ့်မလဲ" ဟု တွေးတော ပူပန်မနေပါနဲ့။ စင်စစ် (၆) ဘယဉာဏ်သို့ တစ်ဆင့်တက်လာတာ ဖြစ်သည်။ ဆက်လက်၍ ကြိုးစားအားထုတ်ပြန်သောအခါ "ဒီဖြစ်ပျက်တွေဟာ မွေးတာနဲ့ သေတာပဲ။ မွေးလိုက်, သေလိုက် ဒုက္ခရောက်နေတာပါကလား။ မကောင်းပါဘူး၊ မကောင်းပါဘူး" စသည်ဖြင့် ဖြစ်ပျက်နှင့် နေရတာကို အပြစ်မြင်လာလျှင် (၇) အာဒီနဝဉာဏ် ဖြစ်သည်။



ထို့နောက် လောက်တဖွားဖွား ကျနေသော ခွေးသေကောင်ပုပ်ကြီးကို မြင်ရဖန်များလှတော့ မမြင်ချင် မကြည့်ချင်သလို ဖြစ်ပျက်နှင့် နေရတာကို မပျော်မွေ့။ ဖြစ်ပျက်တွေကို မကြည့်ချင်ဖြစ်ကာ တရားထိုင်ရာမှ ထပစ်မိတတ်၏။ ကမ္မဋ္ဌာန်းကျောင်း အပြင်သို့ ထွက်သွားမိတတ်၏။ သို့သော် ဖြစ်ပျက်ကို မရှုမှတ်ဘဲလည်း မနေနိုင်သဖြင့် တရားဝင်ထိုင်ပြန်၏။ ဖြစ်ပျက်တွေ တဖွားဖွား မြင်ရပြန်သောအခါ ရင်ထဲက တလှိုက်လှိုက် တုန်လှုပ်၍ ကြောက်မုန်းကြီး ဖြစ်လာပြန်သည်။ အချို့ယောဂီများမှာ တစ်ကိုယ်လုံး မီးလောင်ခံနေရသလို ပြင်းထန်စွာ ပူလောင်လှ၍ ဟိုဟိုသည်သည် ထပြေးတတ်၏။ ရေသော်လည်း ချိုးပစ်တတ်၏။ ဤအခြေအနေသို့ ရောက်ရှိလာလျှင် ယောဂီပုဂ္ဂိုလ်ဟာ ထွက်၍ မသွားနှင့်။ ထ၍ မပြေးနှင့်။ ရေချိုးမပစ်နှင့်။ ဖြစ်ပျက်တွေကို ရှုမြဲတိုင်းပေလို့သာ ရှုပေတော့။ (၈) နိဗ္ဗိန္ဒာဉာဏ်သို့ ရောက်နေပြီ ဖြစ်သည်။ မုန်းဝင်ပြီးလျှင် ပန်းဆွတ်တော့မည်မှာ မကြာတော့ပြီ။ (အထက် ဉာဏ်များကို နောက်ရေးမည့် စာအုပ်ငယ်ကျမှ ပြပါမည်။)

## ကိလေသာ ကြားမထိုးပါစေနှင့်

ဖြစ်ပျက်နှင့် မဂ်ကြားမှာ ကိလေသာ ကြားမထိုးပါစေနှင့်။ ကိလေသာ ကြားထိုးတာ များလျှင် မုန်းဉာဏ် အတက်နှေးတတ်၏။ မုန်းဉာဏ်ပင် တက်သော်လည်း ကိလေသာ ကြားထိုးများ၍ မုန်းဉာဏ်မရင့်ကျက်နိုင်ဘဲ ရှိသောကြောင့် မဂ်အစစ်ရရေးမှာ နှောင့်နှေးဖင့်ကြာတတ်သည်။ "ကိလေသာ" ဆိုတာလည်း တစ်ခြားဟာတွေ မဟုတ်ပါ။ "လောဘ[၁]၊ ဒေါသ[၂]၊ ထိနမိဒ္ဓ[၃]၊ ဥဒ္ဓစ္စကုက္ကုစ္စ[၄]၊

Generated by CamScanner from intsig.com

ဝိစိကိစ္ဆာ၁” ဤငါးပါးပဲ ဖြစ်၏။ မင်္ဂကို တားဆီးပိတ်ဆို့တတ်သောကြောင့် ဤငါးပါးကို “နီဝရဏတရားငါးပါး” ဟု ခေါ်သည်။ ယောဂီပုဂ္ဂိုလ် ၏ သန္တာန်မှာ ဤတရားငါးပါးတွင် တစ်ပါးပါးက လွှမ်းမိုးထားလျှင် မင်္ဂသည် ဖြစ်ပျက်ကို ထိုးဖောက်မြင်နိုင်စွမ်း မရှိတော့ပါ။ စင်စစ် မင်္ဂဖြစ်ပေါ်ရမည့် ဟဒယဝတ္ထုပေါ်မှာ ကိလေသာတွေ ဖြစ်ပေါ်နေသောကြောင့် မင်္ဂဖြစ်ပေါ်ခွင့် မရတော့ပါ။ ဒါ့ကြောင့်မို့ ယောဂီပုဂ္ဂိုလ်သည် မိမိသန္တာန်မှာ နီဝရဏ အဖုံးငါးချက်တွင် တစ်ချက်ချက် ဖုံးအုပ်နေမှန်း သိအောင် သတိထားရမည်။ သတိထား၍ သိလျှင် အဖုံးရှိရာ ဟဒယဆီကို အာရုံပြု၍ “လောဘဖြစ်၍ ပျက်ပြီ၊ လောဘဖြစ်၍ ပျက်ပြီ၊ ဒေါသဖြစ်၍ ပျက်ပြီ၊ ဒေါသဖြစ်၍ ပျက်ပြီ” စသည်ဖြင့် အဖုံးမကွာမချင်း (ဝါ) မြင်နေကျဖြစ်ပျက်တွေ ကောင်းကောင်း မပေါ်လာမချင်း ထပ်ကာတလဲလဲ ဖွဲ့သွင်း၍ မဲတင်းရှုရပါမည်။ ဤလိုဤပုံ ကြိုးစား၍ ရှုလိုက်လျှင် မကြာခင်မှာ အဖုံးကွာလန်၍ ထွက်သွားသောအခါ ဖြစ်ပျက်တွေ မြင်နေကျအတိုင်း ပြန်၍ မြင်လာရတော့သည်။ ဒါက အဖုံးကြာကြာ ဖုံးနေတဲ့အခါ ရှုရပုံကို ပြတာ ဖြစ်၏။ လျင်မြန်စွာဖြစ်စေ၊ ခဏဖြစ်စေ ကိလေသာကြားထိုးလာလျှင်တော့ မိမိကလည်း သတိကို လျင်လျင်ထား၍ ဉာဏ်ဖြင့် အမြန်ဖမ်းရှုရလိမ့်မည်။ “ရှေ့က ဖြစ်ပျက်, နောက်ကမင်္ဂ၊ ရှေ့ကဖြစ်ပျက် နောက်ကမင်္ဂ” ဤလို ဖြစ်ပျက်နဲ့မင်္ဂ အချက်ပေါင်းများစွာ ကြာကြာဆက်တိုက် ကိုက်ကိုက်သွားလျှင် ပစ္စုပ္ပန်တည့်တည့် ရှုတာ ဖြစ်၍ ဉာဏ်ချင်းဆက်ပြီး ဉာဏ်တွေ ရင့်ကျက်၍ အဆင့်တက်နိုင်ပါလိမ့်မည်။



# လမ်းမှန်နိဂုံး

ဤမျှသော စကားအစီအစဉ်ဖြင့် မြုပ်လမ်းမှောလမ်းမှ ရှောင်ကြဉ်၍ အလယ်မဂ္ဂင်လမ်းမှန်လိုက်ပုံကို ယောဂီ၏ စာတွေ့လက်တွေ့ ပေါင်းစပ်၍ ပြခဲ့ပါပြီ။ ဤနိဂုံးမှာ နောက်ဆုံး ပြလိုတာက အောက်ပါ သတိပဋ္ဌာန်လမ်းစဉ်ပဲ ဖြစ်၏။

(၁) ရုပ်နာမ် ပေါ်တိုင်းပေါ်တိုင်း
ရှုသိတာက ............... သတိပဋ္ဌာန်။

(၂) ရုပ်နာမ်တို့၏ ပေါ်တိုင်းပေါ်တိုင်း
ပျောက်ပျောက်, ပျက်ပျက်သွားတာကို အဖန်ဖန်
ရှုသိတာက ...............သတိပဋ္ဌာန်ဘာဝနာ။

(၃) ရုပ်နာမ်ပေါ်ပျောက် ဖြစ်ပျက်တွေကို ရှုရင်း သိရင်း
မြင်ရင်းမတ္တ ဖျတ်ခနဲ ထင်ရှားစွာ ဖြစ်ပျက်တွေ ဆုံးသွား
တာကို သိမြင်တာက ...............သတိပဋ္ဌာန် အကျင့်
လမ်းဆုံး။

ယောဂီပုဂ္ဂိုလ်သည် “ဤသတိပဋ္ဌာန်လမ်းစဉ်အတိုင်း ဆန္ဒထက်သန်စွာ လိုက်သွားပါက မသေခင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မြုပ်လမ်းမှောလမ်းမှ လွတ်မြောက်ရာ နိဗ္ဗာန်သောင်ကမ်းသို့ မလွဲမသွေ တက်ရောက်နိုင်ရမည်” ဟူသော စိတ်ထားဖြင့် အမြဲတစေ ကြိုးစားအားထုတ်ပါ။

Generated by CamScanner from intsig.com

## လမ်းမှန်ဓိဋ္ဌာန်

ငါသည် အနန္တော အနန္တငါးပါး၏ မနှိုင်းယှဉ်သာ ကြီးမားလှစွာသော ဂုဏ်ကျေးဇူးတွေကို အထူးသိတတ် ကျေးဇူးဆပ်သောအားဖြင့် စွမ်းနိုင်သမျှ ဝိပဿနာတရားဟောခြင်း, ပြခြင်း, ဓမ္မဒါနစာအုပ်ငယ်လေးတွေ ရေးသားလှူဒါန်းခြင်း၊ ပြုပြီး, ပြုဆဲ, ပြုဦးမည်အမှန် ဖြစ်ပါ၏။ "ဝိပဿနာတရားကို ကိုယ်တိုင်းလည်း အားထုတ်၍ သူတစ်ပါးကိုလည်း လမ်းမှန်ပြသော ဤအလုပ်သည် အမွန်မြတ်ဆုံးသော သာသနာပြုအလုပ်" ဟူ၍လည်း ငါအမှန်ယုံကြည်ပါ၏။

ဤမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် မြတ်ဗုဒ္ဓသာသနာတော် ထွန်းကာစည်ပင်ရာ ဤမြန်မာနိုင်ငံတော်နှင့်တကွ ဤကမ္ဘာကြီး၌ -

* လမ်းမှားလိုက်သူတွေ မတွေ့ဝေဘဲ လမ်းမှန်ပေါ် သို့ မပင်မပန်း လှမ်းရောက်နိုင်ကြပါစေသတည်း။
* လမ်းမှန်ရောက်သူတွေ ထာဝရငြိမ်းချမ်း၍ ရွှင်လန်းဝမ်းမြောက်နိုင်ကြပါစေသတည်း။

ပန်ကြားချက်။ ။ ဤစာအုပ်ငယ်၌ ပညာရှိသူတော်ကောင်းတို့၏ ဉာဏ်မျက်စိတွင် ချွတ်ချော်မှားယွင်းချက်များ တွေ့မြင်ပါက ဤစာရေးသူအား ပြုပြင်ပေးတော်မူကြပါ။

လမ်းမှန်သိမြင် မြတ်ကျင့်စဉ် ပြီးပြီ။



## လမ်းမှန်ဆုမွန်

ဤအမြတ်ဆုံး ဓမ္မဒါနတွင် စွမ်းနိုင်သမျှ လုအား, ငွေအား ကုသိုလ်ပါဝင်ကြသော ဓမ္မမိတ်ဆွေ ယောဂီအပေါင်းတို့၏ ရှေးခုဘဝ ပြုပြုသမျှသော ဒါန, သီလ, သမထကုသိုလ်ကံ, ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ကျေးဇူးပြု၍ ဤဘဝမှာပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ။

## မှီးငြမ်းပြုစုသော ကျမ်းများ

၁။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော နိဗ္ဗာန်ရောက်ကြောင်း တရားသည် ဝိပဿနာ။
(၁၉-၁၀-၆၁) စာအုပ်အမှတ် ၂၂။

၂။ အလယ်လမ်းသို့ရောက်ရန် နည်းလမ်း။
(၁၀-၁၂-၆၁) စာအုပ်အမှတ်-၉။

၃။ ဒိဋ္ဌိသုံးပါးကွာရေး။
(၁၂-၁၀-၆၁) စာအုပ်အမှတ်-၂၁။

Generated by CamScanner from intsig.com

၄။ သဿတဒိဋ္ဌိ အပြစ်ကြီးပုံ။ သာတိဝတ္ထုအဆက်။
(၁၆ - ၁၀ - ၆၁) စာအုပ်အမှတ် - ၂၂။

၅။ အလုပ်စဉ်ဝိပဿနာတရား။
(၃၀ - ၈ - ၆၁) စာအုပ်အမှတ် - ၁၈။

၆။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ -
**အနာဂတ်သာသနာရေးကျမ်း။ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် တရားတော်။**

၇။ ကျေးဇူးတော်ရှင် သမ္ဗုဒ္ဓေ မိုးညှင်းဆရာတော် ဘုရားကြီး၏ -
**ပဋ္ဌိစ္စသမုပ္ပါဒ် ကျင့်စဉ်ကျမ်း။**

၈။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ -
**ဘာဝနာဒီပနီ။ ဝိဇ္ဇာမဂ္ဂဒီပနီ။**

၉။ ကျေးဇူးတော်ရှင် ဒီပဲယင်းဆရာတော်ဘုရားကြီး၏ -
**ပရမတ္ထစက္ခုကျမ်း။**

၁၀။ ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ -
**ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်။**